# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ - ၁၈၂)


၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ရှည်ကြာခိုင်မြဲသည့် သံတမန်ဆက်ဆံမှုများရှိခဲ့ပြီး ယခုအခါ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာသည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ရှည်ကြာခိုင်မြဲသည့် သံတမန်ဆက်ဆံမှုများရှိခဲ့ပြီး ယခုအခါချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာသည့် အခြေအနေများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ *မာတိကာ*


ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များအတွက် ပဲခူးပြည်သူများက ကျပ်သိန်း ၂၃၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ဂုဏ်ပြုထောက်ပံ့ပေးအပ် — ပြည်တွင်းသတင်း | စာ ၇

ခံယူချက် စေတနာနှင့် အမြော်အမြင်ရှိမှုအပေါ်တွင် မူတည်၍ ... — ဆောင်းပါး | စာ ၁၀

အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ (သို့မဟုတ်)“တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ” — ဆောင်းပါး | စာ ၁၆

# ပြည်သူလူထုတစ်ရပ်လုံး၏ တက်ကြွသောအားပေးထောက်ခံမှု

နိုင်ငံအတွင်းဖြစ်ပေါ်နေသည့်အခြေအနေများအရ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတို့မှာ အရေးကြီးဆုံးသောလုပ်ငန်းတာဝန်များဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိ မြို့၊ ရွာများမှာ လုံခြုံမှုကင်းမဲ့ကာ တည်ငြိမ်အေးချမ်းမှုပျက်ယွင်းလျက်ရှိသည့်အတွက် ဒေသခံပြည်သူတို့မှာ အထိတ်တလန့်၊ ကျီးလန့်စာစားနေထိုင်ကြရသည်။ လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက မြို့၊ ရွာများ၊ နိုင်ငံပိုင်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့ကို မထောက်ခံသည့်ဒေသခံပြည်သူများကို ဒလန်ဟုစွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိကြသည်။

ယင်းသို့သောအခြေအနေများတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများအေးချမ်းသာယာစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ကြရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် အသက်ကိုပဓာနမထားဘဲ နယ်မြေလုံခြုံရေး၊ ကာကွယ်ရေးတာဝန်များကို နေ့ရောညပါ ထမ်းဆောင်လျက်ရှိကြသည်။ လက်နက်ကိုင်သောင်းကျန်းသူများနှင့်အကြမ်းဖက်သမားများ၏လုပ်ရပ်များနှင့် ကျူးလွန်မှုများကို ၎င်းတို့ဝင်ရောက်လှုပ်ရှားကြရာဒေသများမှ ပြည်သူများက ခံစားကြရသည်။ မူလက အေးချမ်းစွာနေထိုင်နိုင်ခဲ့ကြသော်လည်း ၎င်းတို့ရောက်ရှိလာပြီး မြို့ရွာများတွင် တိုက်ကွက်ဖော်ကြခြင်းကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသည့်ဘဝသို့ရောက်ကြရသည်။ လက်နက်အားကိုးဗိုလ်ကျအနိုင်ကျင့်ခြင်းကိုလည်း ခံစားလာကြရသည့်အခါ မခံချင်စိတ်ဖြင့် တုံ့ပြန်လိုလာကြပြီး နီးစပ်ရာလှုပ်ရှားလုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကူညီမှုများ ပြုကြသကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလည်း လှိုက်လှိုက်လှဲလှဲကြိုဆိုကြသည်။

ပြည်တွင်း၌ လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်တို့မှာ နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားသည်။ အကယ်၍သာ နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးစနစ်ကြီးတစ်ရပ်လုံး ပြိုလဲပျက်စီးသွားပါက နိုင်ငံတော်အစိတ်စိတ်အမြွာမြွာကွဲသွားမည်ဖြစ်သလို ဒေသတစ်ခုနှင့်တစ်ခု၊ လက်နက်ကိုင်တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုးတို့အကြား အပြန်အလှန်တိုက်ခိုက်မှုများ၊ နယ်လုပွဲများ၊ သတ်ဖြတ်ပွဲများ မလွဲမသွေဖြစ်ပေါ်လာမည်ဖြစ်သည်။ ယင်းအခြေအနေသို့ရောက်မှဆိုလျှင် နိုင်ငံနှင့်လူမျိုးတို့ကို ပြန်လည်အဖတ်ဆယ်နိုင်ရန် မည်သို့မျှဖြစ်နိုင်တော့မည်မဟုတ်။ သို့ဖြစ်သည့်အလျောက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသောအရေး (၃) ပါး တာဝန်များကို ရှေ့တန်းနယ်မြေအသီးသီးတို့တွင် စွန့်စွန့်စားစား၊ စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များအား နိုင်ငံတစ်ဝန်းမှ စေတနာရှင်အလှူရှင်ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများ၊ စားသောက်ဖွယ်ရာများ၊ ဆေးဝါးများ၊ လက်ဆောင်ပစ္စည်းများနှင့် အားပေးသည့်စာလွှာများကိုစုပေါင်း၍ စနစ်တကျပြင်ဆင်ထုပ်ပိုးပေးပို့လျက်ရှိသည်။ နောက်တန်းဒေသအသီးသီးမှ ပြည်သူလူထု၏စိတ်ရောကိုယ်ပါအားပေးမှု၊ ထောက်ခံမှုများက ရှေ့တန်းနယ်မြေအသီးသီးတွင် သက်စွန့်ဆံဖျား တာဝန်ထမ်းနေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးချင်းစီတိုင်းကို ကြီးမားသည့်စိတ်ဓာတ်ခွန်အားများ ဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။

နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးသည် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သည်။ နိုင်ငံသားတိုင်း၏တာဝန်လည်းဖြစ်သည်။ မိမိတို့၏အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်ခြင်းလည်းဖြစ်သည်။ အကြမ်းဖက်အဖျက်သမားသောင်းကျန်းမှုများ မချုပ်ငြိမ်းသရွေ့ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒီမိုကရေစီအရေးတို့ အလှမ်းဝေးနေမည်။ ပြည်ထောင်စုကို ဖြိုခွဲလိုသည့်နိုင်ငံ့အန္တရာယ်များကို စွန့်လွှတ်စွန့်စားစိတ်ဓာတ်ဖြင့် တိုက်ခိုက်ချေမှုန်းကာ လုံခြုံရေးတာဝန်များ နေ့ညမပြတ်ထမ်းဆောင်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏တက်ကြွသောအားပေးထောက်ခံမှုများဖြင့် ပူးပေါင်းပါဝင်ခွန်အားဖြစ်ထွန်းစေရပါမည့်အကြောင်း။ ။

## (၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## တိုင်းပြည်ကို ကာကွယ် ဒို့စောင့်ရှောက်မယ်

❖ ဒို့ပြည် ဒို့မြေ ၊ ဒို့ပိုင်ရေသည်
သန္ဓေအနှစ် အမွေစစ်တည့်။

❖ ပြည်ထောင်စုကို ၊ ကွဲပြိုစေသည့်
တည်ထောင်မှုကို ၊ လှဲဖြိုနေသည့်
ကျမည့်ဘေးရန် ၊ ကာကွယ်ရန်မှာ
မြန်မာတိုင်း၏တာဝန် တကား။

❖ နိုင်ငံတစ်ခု ၊ ကာကွယ်မှုတွင်
စစ်မှုချည်းသာ ၊ မကပါသေး
များစွာကဏ္ဍ စုံလင်စွတည့်။

❖ နိုင်ငံရေး စီးပွားရေး
လူမှုရေး ကျန်းမာရေး
ပညာရေး တည်ဆောက်ရေး
အရေးအရာ ၊ အဖြာဖြာတွင်
ကျရာ ဝန်တာ ၊ ပေးလာ တာဝန်
အားသွန် ဆောင်မြန်း ၊ **မျိုးချစ်ပန်း** တို့
ကိုယ်စွမ်း ကိုယ်စ ပြကြစို့။

❖ **မြန်မာ့အနာဂတ်** ၊ **မြင့်မားမတ် အောင်**
လူလတ် လူငယ် ၊ အသိကြွယ်လျက်
အရွယ်မလင့် ၊ အခါသင့်၍
ထမ်းခွင့်ရခိုက် ၊ လုံ့လစိုက်ကာ
လိုက်ပါ ဝန်ထမ်း ၊ **ပြည့်တက်လမ်း** တွက်
**ကြိုးပမ်းညီညီ ချီပါစို့** ။
ဒို့တိုင်းပြည်ကို ကာကွယ်စို့ ။ ။

*မျိုးမြတ်မြတ်မြင့်မောင်*

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရာဇဓိရာဇ်လမ်း၊ ရတနာဒီပရပ်ကွက်၊ အမှတ် (၉) တွင် ပါတီရုံးချုပ်တည်ရှိသော **မွန်တိုးတက်ရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၂-၂၀၂၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မွန်တိုးတက်ရေးပါတီ၏ အလံပုံစံ**



**မွန်တိုးတက်ရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။


❒ *ရှေ့ဖုံးမှ*

နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများအနေဖြင့် ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ခဲ့သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် လေကြောင်းခရီးစဉ်များ ပြေးဆွဲလျက်ရှိသည့်အခြေအနေများ၊ နျူကလီးယားနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ လူမှုရေးကဏ္ဍနှင့် ပညာရေးကဏ္ဍများ တိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

✻ **မြန်မာနိုင်ငံအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေးနှင့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**


ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များနှင့် အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ခဲ့မှုနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်စေရေး ဆက်လက်၍လည်း အပြန်အလှန်သွားရောက်မည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား နိုင်ငံရေးပိုင်းဆိုင်ရာ ယုံကြည်မှုပိုမိုတိုးတက်လာစေရေးနှင့် စီးပွားရေးဆိုင်ရာဆက်သွယ်ဆက်ဆံမှု ပိုမိုမြှင့်တင်နိုင်ရေး အစီးရချင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နယ်နိမိတ်ထိစပ်မှု အများဆုံးဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသကုန်သွယ်မှုနှင့်

*စာမျက်နှာ ၅ သို့*

> ❝ မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နယ်နိမိတ်ထိစပ်မှုအများဆုံးဖြစ်ပြီး နှစ်နိုင်ငံကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်လာစေရေး ဆောင်ရွက်ရမည့်အခြေအနေများ၊ နယ်စပ်ဒေသနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ နယ်စပ်ဖြတ်ကျော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်ထိထိရောက်ရောက် ဆောင်ရွက်ရန်လိုအပ်သည့်အခြေအနေများ၊ နယ်စပ်ဒေသတွင် အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုများပပျောက်စေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ❞



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

ကုန်စည်စီးဆင်းမှုများ ပြန်လည်ကောင်းမွန်လာစေရေး ဆောင်ရွက်ရမည့်အခြေအနေများ၊ နယ်စပ်ဒေသနှင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ နယ်စပ်ဖြတ်ကျော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ နယ်စပ်ဒေသတွင် အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်စေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ယူနန်ပြည်နယ်အနေဖြင့် နည်းပညာအကူအညီများပေးအပ်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်တို့အား တိုက်ရိုက်ပေးချေခြင်းကြောင့် ကုန်သွယ်မှုများ ပိုမိုအဆင်ပြေချောမွေ့သည့်အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှုအတွက် အဓိက အရေးပါသည့် ရထားလမ်းများ တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် မော်တော်ကားလမ်းများ လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ပန်းမန်စိုက်ပျိုးရေးကဏ္ဍနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်ကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ဒုတိယပါတီအတွင်းရေးမှူးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yubo ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

# အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီအစည်းအဝေး (၁/၂၀၂၄) ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ (၁/၂၀၂၄) အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးချုပ်မှ တာဝန်ခံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများ၊ မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေး လုပ်ငန်းများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ချေးငွေဝန်ဆောင်မှုအသစ်များခွင့်ပြုပေး

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ဇန်နဝါရီအထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် ပြည်ပကုမ္ပဏီ ၅၄ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၁၁၆ ဖွဲ့နှင့် အစုစပ်ကုမ္ပဏီ ရှစ်ဖွဲ့ စုစုပေါင်း ၁၇၈ ဖွဲ့ရှိနေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်၊ ရပ်ကွက် ၂၂၄၅ ရပ်ကွက်၊ ကျေးရွာပေါင်း ၂၆၇၈၆ ရွာရှိ အသင်းဝင်ဦးရေ ၃ ဒသမ ၄၅ သန်း၊ ထုတ်ချေးငွေလက်ကျန် ငွေကျပ် ၁၈၃၅ ဒသမ ၉၅၄ ဘီလီယံဖြင့် ငွေကြေးဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရ အသေးစားငွေရေးကြေးရေးကုမ္ပဏီများအနေဖြင့် ငွေကြေးဝန်ဆောင်မှုပေးရာတွင် သတ်မှတ်ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီဖြစ်စေရေး အလေးထားဆောင်ရွက်သွားရန်လိုကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအနေဖြင့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ကိုဗစ်နှင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် ကြုံတွေ့ရသည့်ငွေသားထုတ်ယူမှုနှင့် ပြည်ပချေးငွေရယူရန် အခက်အခဲများ ကျော်လွှားနိုင်ရန်နှင့် လုပ်ငန်းလည်ပတ်မှု အဆင်ပြေစေရန်အတွက် ပြည်တွင်းဘဏ်များမှ ချေးငွေရယူသည့်လုပ်ငန်းစဉ်များ မြန်ဆန်အောင် ဆောင်ရွက်ပေးခြင်း၊ ချေးငွေအတန်းအစားခွဲခြားခြင်းနှင့် ကြွေးဆုံးလျာထားသတ်မှတ်ခြင်းဆိုင်ရာ ဖြေလျှော့ခြင်းများကို ဆောင်ရွက်ပေးခြင်း၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကော်ပိုရိတ်အာမခံကိုယ်စားလှယ် လုပ်ကိုင်ခွင့်ပြုခြင်း၊ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု ရယူဆောင်ရွက်ခွင့်ပြုခြင်း၊ ချေးငွေဝန်ဆောင်မှုအသစ်များခွင့်ပြုပေးခြင်း၊ နယ်မြေဒေသအေးချမ်းမှုရှိပြီး စီးပွားရေးလုပ်ငန်းများ ကောင်းမွန်သောဒေသများသို့ နယ်မြေတိုးချဲ့ခွင့်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ ဦးစားပေးကဏ္ဍဖြစ်သည့် MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ချေးငွေများ ထုတ်ချေးခြင်း၊ သီးနှံစိုက်ပျိုးသည်မှ ထုတ်လုပ်ရောင်းချနိုင်သည်အထိ Supply Chain တစ်ခုလုံးအတွက် ချေးငွေထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းသာမက အသင်းဝင်များအတွက် လိုအပ်သည့် လူမှုရေးဝန်ဆောင်မှု (CSR) လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။ **(အောက်ဝဲပုံ)**

### ဆွေးနွေးဆုံးဖြတ်ရန်အချက်များကို ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အသေးစားငွေရေးကြေးရေးလုပ်ငန်းကဏ္ဍ၏ လက်ရှိလုပ်ငန်းဆောင်ရွက်မှု၊ အတိုးနှုန်းပြင်ဆင်သတ်မှတ်ရန် သုံးသပ်ဆောင်ရွက်ထားရှိမှု၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသုံးဖွဲ့၏ လုပ်ငန်းလိုင်စင်လျှောက်ထားမှု၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများ၏နယ်မြေတိုးချဲ့မှု၊ ချေးငွေပြန်လည်ကောက်ခံမှုကို Mobile Financial Services ကို အသုံးပြုခွင့်အပါအဝင် ကြီးကြပ်မှုကော်မတီက ဆွေးနွေးဆုံးဖြတ်ရန်အချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မောင်တောမြို့၌ အသက်ခြောက်လအထက် ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေး

**မောင်တော ဖေဖော်ဝါရီ ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ အောင်မြေဗောဓိရပ်ကွက်အတွင်းရှိ အသက်ခြောက်လအထက် ငါးနှစ်အောက် ကလေးသူငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်းကို ယနေ့နံနက်က ကျန်းမာရေးဝန်ထမ်းများက စုရပ်နေရာတွင် တိုက်ကျွေးကြသည်။

ထိုသို့ ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အောင်မြေဗောဓိရပ်ကွက်အတွင်းရှိ အသက်ခြောက်လ အထက် တစ်နှစ်အောက် ကလေးသူငယ်များအား ဗီတာမင်အေ(အပြာ) တစ်သိန်းအား၊ အသက်တစ်နှစ်ငါးနှစ်အောက် ကလေးသူငယ်များကို ဗီတာမင်အေ(အနီ) နှစ်သိန်းအားနှင့် အသက်နှစ်နှစ်အထက် ကလေးသူငယ်များအား သန်ချဆေးများကိုလည်း ရပ်ကွက်များရှိ သတ်မှတ်စုရပ်နေရာများတွင် တိုက်ကျွေးပေးလျက်ရှိသည်။ အဆိုပါတိုက်ကျွေးခြင်းများကို ဖေဖော်ဝါရီ ၂၃ ရက်အထိ တိုက်ကျွေးမည်ဖြစ်ပြီး ရပ်ကွက်များအနေဖြင့် ဟိန္ဒူရွာ၊ ရွာသစ်၊ ဗိုလ်မှူးရွာ၊ ညောင်ပင်လှ၊ စံပြရွာ၊ အောင်မြေဗောဓိ၊ မြို့ဦးရွာနှင့် ဝိမလရပ်ကွက်တို့တွင် ဆက်လက် တိုက်ကျွေးပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ထပ်မံအသိပေးလိုသည့်အချက်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

# ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ဆိုတဲ့နေရာမှာ အမျိုးသမီးတွေကို လတ်တလောခေါ်ယူဖို့ အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းစွာပြောကြားလိုပါတယ်

"ကျွန်တော့်အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံသူ၊ နိုင်ငံသားများ၊ မိဘပြည်သူများကို သိသင့်သိထိုက်တာတွေ၊ အသိပေးရမှာတွေကို စဉ်ဆက်မပြတ် တင်ပြအသိပေးလျက်ရှိပါတယ်။ ဒီနေ့မှာလည်း ထပ်မံအသိပေးတင်ပြလိုတာတွေကို တင်ပြသွားပါမယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ ပြည်သူလူထုသိရှိအောင် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ တစ်ကြိမ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ YMBA နဲ့ တွေ့ဆုံတဲ့အချိန်မှာ တစ်ကြိမ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာတော့ ပြည်ပနိုင်ငံတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ မြန်မာနိုင်ငံရဲ့ သံအမတ်ကြီးတွေ၊ သံရုံးယာယီတာဝန်ခံတွေနဲ့ တွေ့ဆုံတဲ့အခါမှာ အရန်တပ်ဖွဲ့ဥပဒေနဲ့ပတ်သက်ပြီး တစ်ကြိမ်ပြောကြားခဲ့ပါတယ်။ ဒီပြောကြားချက်တွေကို ကျွန်တော်ထပ်မံအသိပေးလိုပါတယ်။

"ဒီပြည်သူ့စစ်မှုထမ်းဥပဒေဟာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေး အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ဖို့ ယခင်ကတည်းက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်တဲ့အကြောင်း၊ အဲဒီဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ တွက်ချက်ချင့်ချိန် ဆောင်ရွက်သွားမှာဖြစ်ပြီး နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုး မဖြစ်ရန်ဆိုတဲ့အကြောင်းနဲ့ သတ်မှတ်အပိုင်းအခြားအတွင်းမှာ သင့်တင့်လျောက်ပတ်တဲ့ အင်အားသာ တာဝန်ထမ်းဆောင်ဖို့ဖြစ်ပြီး ရှုပ်လည်းလျှောက်သာ ပျားလည်းစွဲသာ အခြေအနေဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပထမဦးဆုံး ပြောကြားခဲ့ပါတယ်။ ဒါလေးကို ကျွန်တော်တို့ မိဘပြည်သူများသိအောင် ထပ်မံတင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ YMBA နဲ့တွေ့ဆုံတဲ့အခါမှာလည်း သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှာ သင့်တင့်လျောက်ပတ်တဲ့ အင်အားကိုသာ သတ်မှတ်ကာလအတွင်း တာဝန်ထမ်းဆောင်စေရန်ဖြစ်ပြီး နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပြီး ထုတ်ပြန်ထားတဲ့ ဥပဒေကိုလေ့လာခြင်းမရှိဘဲနဲ့ အခြေအမြစ်မရှိတဲ့ သတင်းမှားတွေ ထင်မြင်သုံးသပ်ချက်တွေပေါ် အခြေခံပြီး သွေးထိုးလှုံ့ဆော်နေတာတွေရှိလို့ မိဘပြည်သူများ သတိပြုကြရန်လိုကြောင်း ပြောကြားခဲ့ပါတယ်။



**" နိုင်ငံရေးစွမ်းအားတွေ၊ စီးပွားရေးစွမ်းအားတွေ၊ ကာကွယ်ရေးစွမ်းအားတွေ ဒီနိုင်ငံတော်အတွက်လိုအပ်တဲ့ စွမ်းအားစုတွေကို တည်ဆောက်တဲ့အခါမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ ဘက်ညီမျှတစွာ ကျင့်သုံးသွားမှာပဲဖြစ်ပါတယ်။ ဒါတွေကို ပြည်ဖျက်မီဒီယာတွေ၊ တချို့သော EAOS တွေက ကောလာဟလတွေ ထုတ်လွှင့်ပြီး ပြည်သူလူထုစီးပွားဘဝ မငြိမ်မသက်ဖြစ်အောင်၊ ပြည်သူလူထုစိုးရိမ် ထိတ်လန့်မှုတွေဖြစ်အောင် လုပ်ဆောင်နေတာမျိုးတွေ ကျွန်တော်တို့ တွေ့ရပါတယ် "**

"ဒ့ါအပြင် သံအမတ်ကြီးတွေနဲ့ တွေ့ဆုံတဲ့အခါမှာလည်း အရန်တပ်ဖွဲ့ဥပဒေနဲ့ ပတ်သက်ပြီး အရန်တပ်ဖွဲ့ဥပဒေကို စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမယ်လို့ဆိုလိုတာ မဟုတ်ဘဲနဲ့၊ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်တာဝန်ပေးအပ်သွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူလူထုအားလုံးသိရှိအောင် နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပြောကြားခဲ့ခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ မကြာခဏပြောကြားခဲ့တာတွေ ရှိပါတယ်။ နိုင်ငံတစ်ခု တည်ဆောက်ဖို့၊ နိုင်ငံတစ်ခု တည်မြဲဖို့အတွက် နိုင်ငံရေးစွမ်းအား POLITICAL MIGHT၊ စီးပွားရေးစွမ်းအား ECONOMIC MIGHT နဲ့ ကာကွယ်ရေးစွမ်းအား MILITARY MIGHT ကောင်းဖို့လိုအပ်တယ်ဆိုပြီး ပြောကြားခဲ့ပါတယ်။ ဒီအထဲမှာ စီးပွားရေးစွမ်းအားက အဓိကပါပဲ။ ဒါမှကျန်တဲ့ စွမ်းအားတွေကို မြှင့်တင်နိုင်တယ်ဆိုတာလည်း ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီစီးပွားရေးနဲ့ ပတ်သက်ပြီးတော့ သီအိုရီတွေ၊ အယူအဆတွေ မျိုးစုံရှိပေမယ့် ရှုပ်ရှုပ်ထွေးထွေး မပြောလိုပါဘူး။ တစ်ခုပဲပြောလိုပါတယ်။ စီးပွားရေးအင်အားတောင့်တင်းဖို့ဆိုရင် ရိုးရိုးရှင်းရှင်းနဲ့ ကျမ်းရိုးဘောဂဗေဒမှာ ပြောထားတဲ့အတိုင်း ကုန်ထုတ်စွမ်းအားစုတွေ တောင့်တင်းဖို့လိုတယ်။ ကုန်ထုတ်ဆက်ဆံရေး စနစ်တကျခိုင်မြဲဖို့လိုပါမယ်။

" ကုန်ထုတ်စွမ်းအားစုဆိုတဲ့ နေရာမှာ ဆန်းသစ်တဲ့အယူအဆတွေ မျိုးစုံပေါ်လာမှုနဲ့ ယခင်ကျမ်းရိုးဘောဂဗေဒအတိုင်းဆိုရင်တော့ (LAND LABOUR CAPITAL) ကုန်ထုတ်စွမ်းအားစုနဲ့ မြေယာလုပ်အားအရင်းအနှီးပါပဲ။ အစိုးရတစ်ရပ်အနေနဲ့ ဒါတွေကို အလေးအနက်ထားပါတယ်။ လုပ်အားဆိုတဲ့နေရာမှာ လူသားအရင်းအနှီး HUMAN CAPITAL သည် အလေးထားရမှာ ဖြစ်ပါတယ်။ ဒီထဲမှာ LABOUR လုပ်အားဆိုတာပါ ပါတယ်။ ဒါတွေကို ကျွန်တော်တို့က အစိုးရတစ်ရပ်အနေနဲ့ အမြဲတမ်းအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ခုနကပြောတဲ့ နိုင်ငံရေးစွမ်းအားတွေ၊ စီးပွားရေးစွမ်းအားတွေ၊ ကာကွယ်ရေးစွမ်းအားတွေ ဒီနိုင်ငံတော်အတွက် လိုအပ်တဲ့ စွမ်းအားစုတွေကို တည်ဆောက်တဲ့အခါမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ ဘက်ညီမျှတစွာ ကျင့်သုံးသွားမှာပဲဖြစ်ပါတယ်။ ဒါတွေကို ပြည်ဖျက်မီဒီယာတွေ၊ တချို့သော EAOS တွေက ကောလာဟလတွေ ထုတ်လွှင့်ပြီး ပြည်သူလူထုစီးပွားဘဝ မငြိမ်မသက်ဖြစ်အောင်၊ ပြည်သူလူထုစိုးရိမ် ထိတ်လန့်မှုတွေဖြစ်အောင် လုပ်ဆောင်နေတာမျိုးတွေ ကျွန်တော်တို့ တွေ့ရပါတယ်။

"ကျွန်တော်ယခင်ကလည်း အင်အားနဲ့တကွ တွက်ချက်တင်ပြပြီးဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ဖို့အတွက် ထမ်းဆောင်နိုင်တဲ့၊ အကျုံးဝင်နိုင်တဲ့ အင်အား ၁၃ သန်း ရှိပါတယ်။ ဒီအထဲမှာ အမျိုးသားအင်အားက ၆ သန်းကျော် ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စေရာမှာ ဒီအမျိုးသားဦးရေ ၆ သန်းထဲကမှ ၁ ရာခိုင်နှုန်း ၆ သောင်းနီးပါးလောက်ပဲ ကျွန်တော်တို့ ခေါ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါတွေကလည်း အလှည့်ကျဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်တဲ့နေရာမှာ အခြားနိုင်ငံတွေမှာလည်း အလှည့်ကျအကျုံးဝင်တဲ့အလျောက် တာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ပြီးရင် ဦးစားပေးအလိုက် ဝန်ထမ်းခန့်အပ်တာတွေ၊ ဦးစားပေးအလိုက် အလုပ်ခန့်ထားတာတွေ ဒါတွေသည်လည်း ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်အနေနဲ့ ဒီနေ့မှာရှင်းလင်းပြောကြားလိုတာကတော့ **ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ဆိုတဲ့နေရာမှာ အမျိုးသမီးတွေကို လတ်တလောခေါ်ယူဖို့ အစီအစဉ်မရှိသေးကြောင်း** ရှင်းလင်းစွာပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်"။

**" ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်း ဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် ထမ်းဆောင်နိုင်တဲ့၊ အကျုံးဝင်နိုင်တဲ့အင်အား ၁၃ သန်း ရှိပါတယ်။ ဒီအထဲမှာ အမျိုးသားအင်အားက ၆ သန်းကျော် ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့စစ်မှုထမ်း ဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စေရာမှာ ဒီအမျိုးသားဦးရေ ၆ သန်းထဲကမှ ၁ ရာခိုင်နှုန်း ၆ သောင်းနီးပါးလောက်ပဲ ကျွန်တော်တို့ ခေါ်ယူနိုင်မှာဖြစ်ပါတယ်။ ဒါတွေကလည်း အလှည့်ကျဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်တဲ့နေရာမှာ အခြားနိုင်ငံတွေမှာလည်း အလှည့်ကျအကျုံးဝင်တဲ့အလျောက် တာဝန်ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ပြီးရင် ဦးစားပေးအလိုက် ဝန်ထမ်းခန့်အပ်တာတွေ၊ ဦးစားပေးအလိုက် အလုပ်ခန့်ထားတာတွေ ဒါတွေသည်လည်း ရှိလာမှာဖြစ်ပါတယ် "**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ် ၁၁၇၄၃၉၆၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀ နှင့် ငွေကျပ် ၆၃၄၅၅၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့က တိုင်းမှူးထံ အသီးသီးဂုဏ်ပြုပေးအပ်သည်။**(အပေါ်ယာပုံ)** ထို့နောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး



ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များအတွက် ပဲခူးပြည်သူများက ကျပ်သိန်း ၂၃၀၀ ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ဂုဏ်ပြုထောက်ပံ့ပေးအပ်

**ပဲခူး ဖေဖော်ဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပို့ဆောင်ပေးနေမှုကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက် ကြည့်ရှုအားပေးခဲ့သည်။(ယာပုံ)



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မြို့ပေါ်ဈေးများမှ ဈေးသူဈေးသားများနှင့် ပြည်သူများက ထောက်ပံ့လှူဒါန်းသည့် စားသောက်ဖွယ်ရာများနှင့် အားပေးစာလွှာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စားသောက်ဖွယ်ရာများကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ရှေ့တန်းရောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ ပေးပို့မည့်မော်တော်ယာဉ်များပေါ်သို့ တင်ပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွန်းက ရဲတပ်ဖွဲ့ဝင်များအတွက် စဉ်ဆက်မပြတ် ဘက်ပေါင်းစုံမှ ထောက်ပံ့ ပေးအပ်မှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ မြို့ပေါ်ရှိ ဈေးသူ ဈေးသားများ ပါဝင်မှု၊ ဒေသခံပြည်သူများ၏ စုပေါင်းပါဝင်လှူဒါန်းမှုတို့ဖြင့် ရခိုင်ပြည်နယ်ရှိ ရှေ့တန်းရောက်တပ်မတော်သားများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲတပ်ဖွဲ့ဝင်များအတွက် စုစုပေါင်းငွေကျပ် ၂၃၁၄၆၂၈၅၀ ကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ဂုဏ်ပြုထောက်ပံ့ ပေးအပ်နိုင်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## လုပ်ငန်းခွင်ပြင်ပ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေး

**လယ်ဝေး ဖေဖော်ဝါရီ ၂၀**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ မတော်တဆထိခိုက်ဒဏ်ရာရ၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက GoldenSunland Co;Ltd အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ်လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းနှင့် ယခုကဲ့သို့ ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က လူမှုဖူလုံရေး အကျိုးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမား ဦးဟိန်းသူရိန်သည် မတော်တဆ ထိခိုက်ဒဏ်ရာရ၍ သေဆုံးခဲ့မှုအတွက် နာရေးစရိတ်ငွေကျပ် ၈၃၄၀၀၀နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၆၀၀၀၀၀၀ ကို မိသားစုဝင်များအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ဝေကြည်(ပြန်/ဆက်)**

## တောင်ငူ - လိပ်သို - လွိုင်ကော် - ဟိုပုံးပြည်ထောင်စုလမ်းတွင် Box Culvert များတည်ဆောက်၊ ကတ္တရာခင်းခြင်းလုပ်ငန်းများပြီးစီး

**လိပ်သို ဖေဖော်ဝါရီ ၂၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုမြို့ လမ်းဦးစီးဌာနသည် တောင်ငူ-လိပ်သို-လွိုင်ကော်-ဟိုပုံးလမ်း NH (21) ပြည်ထောင်စုလမ်း၊ ကရင်ပြည်နယ်အပိုင်းတွင် သဘာဝဘေးဒဏ်ကြောင့် လမ်းပျက်စီးမှု နည်းပါးစေရန်၊ ရေရှည်တည်တံ့ခိုင်မာစွာ အသုံးပြုနိုင်ရန် လမ်းကြံ့ခိုင်ရေးလုပ်ငန်းများကို ပြုပြင်ထိန်းသိမ်းပေးလျက်ရှိသည်။

ထိုသို့ ပြုပြင်ထိန်းသိမ်းလျက်ရှိရာတွင် ပြည်ထောင်စုလမ်းပိုင်းပေါ်ရှိ သံမိုးတောင်ကျေးရွာလမ်းပိုင်းတွင် Box Culvert နှစ်ခု၊ ဇလဲကျေးရွာ လမ်းပိုင်းတွင် Box Culvert လေးခု၊ ဗဟုန်းကျေးရွာနှင့် ကျေးမင်းကျေးရွာလမ်းပိုင်းတွင် Box Culvert လေးခု တည်ဆောက်ပေးမှုမှာ ပြီးစီးသွားပြီဖြစ်ပြီး ကုန်စည်သယ်ယူပို့ဆောင်မှုများ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။ **ခင်လေးနွယ်(လိပ်သို)**



## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# နည်းပညာအကူအညီများနှင့် ဖွံ့ဖြိုးမှုပရောဂျက်စီမံကိန်းများတောင်းခံရာတွင် လိုအပ်သည့် စီမံချက်အဆိုပြုလွှာရေးသားနည်းများကို သင်ကြားပေးမည်




နေပြည်တော် ဖေဖော်ဝါရီ ၂၀

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်း၍ အာဆီယံဖွံ့ဖြိုးမှု ရန်ပုံငွေဖြင့်ဆောင်ရွက်သည့် အာဆီယံစီမံချက်ရေးဆွဲရေးသင်တန်း (ASEAN Project Development Training) ဖွင့်ပွဲကို နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။**

ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ အာဆီယံစီးပွားရေးမဏ္ဍိုင်နှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အာဆီယံလွတ်လပ်သောကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်မှုတွင်အရေးပါကြောင်း၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အားပေးလာခြင်းတို့နှင့်အတူ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသညှိနှိုင်းမှုများတွင် နယ်ပယ်အသစ်များကို ထည့်သွင်းအဆိုပြုလာကြကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံ (CLM) တို့အတွက် ဖွံ့ဖြိုးမှုနယ်ပယ်အသစ်များအတွက် အသိပညာပေး အစီအစဉ်များ၊ နည်းပညာအကူအညီများလိုအပ်ကြောင်း၊ ယခုကျင်းပမည့် သင်တန်းတွင် အသိပညာပေး အစီအစဉ်များ၊ နည်းပညာအကူအညီများနှင့် ဖွံ့ဖြိုးမှုပရောဂျက်စီမံကိန်းများ တောင်းခံရာတွင် လိုအပ်သည့်စီမံချက်အဆိုပြုလွှာ ရေးသားနည်းများကို သင်ကြားပေးမည်ဖြစ်သောကြောင့် အရေးပါသည့် သင်တန်းတစ်ခုဖြစ်ကြောင်း၊ သင်တန်းမှရရှိလာသည့် အတွေ့အကြုံများကို အခြေခံပြီး မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်သည့်စီမံချက်များအတွက် အဆိုပြုလွှာများကို ရေးသားတောင်းခံကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။(ယာပုံ)

အဆိုပါသင်တန်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်၍ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အာဆီယံပူးပေါင်းဆောင်ရွက်မှုစီမံချက်များနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ အာဆီယံစီမံချက် အဆိုပြုလွှာများ ရေးဆွဲရာတွင် လိုက်နာရမည့်ပုံစံများ၊ စီမံချက်အဆိုပြုရာတွင် ထည့်သွင်းရမည့် အချက်အလက်များနှင့် အကျိုးကျေးဇူးများ၊ စီမံချက်များအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို လာရောက်ပို့ချပေးခြင်းဖြစ်ပြီး သင်တန်းသားများက စီမံချက်အဆိုပြုလွှာများ ရေးဆွဲခြင်းကို လက်တွေ့ဆောင်ရွက်ကြရမည်ဖြစ်သည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းမဏ္ဍိုင်၏ ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသနှင့် အာဆီယံအပေါင်းတစ် လွတ်လပ်သောဒေသအကောင်အထည်ဖော်မှုများနှင့် စေ့စပ်ညှိနှိုင်းမှုများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့်အတွက် လွတ်လပ်သောကုန်သွယ်မှုဒေသများ အဆင့်မြှင့်တင်ရာတွင်လည်းကောင်း၊ အသစ်ညှိနှိုင်းရာတွင်လည်းကောင်း၊ ကုန်သွယ်မှုနှင့် အလုပ်သမားကဏ္ဍ၊ ကုန်သွယ်မှုနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍအစရှိသဖြင့် နယ်ပယ်အသစ်များကို ထည့်သွင်းအဆိုပြုလာသဖြင့် အဆိုပါနယ်ပယ်အသစ်များနှင့် စပ်လျဉ်းပြီး နားလည်သဘောပေါက်စေရန်နှင့် လိုက်ပါအကောင်အထည်ဖော်ရန်အတွက် သင်တန်းများနှင့်နည်းပညာအကူအညီများ လိုအပ်လျက်ရှိကြောင်းနှင့် သင်တန်းမှရရှိသည့် ဗဟုသုတများသည် အာဆီယံ၏ လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာညှိနှိုင်းမှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသည့် နည်းပညာပူးပေါင်း ဆောင်ရွက်မှုစီမံချက်များအတွက် အဆိုပြုလွှာရေးသားရန်နှင့် အဆိုပါစီမံချက်များကို စနစ်တကျအကောင်အထည်ဖော်ရန်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီအထိ လူမှုဖူလုံရေးအဖွဲ့မှ အာမခံအလုပ်သမားလူနာ ၂ ဒသမ ၈၁ သန်းကျော်ကို ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**



အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဝင် အစိုးရ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေး စီမံကိန်းအပေါ် အလုပ်ရှင်၊ အလုပ်သမားများ အားကိုးယုံကြည်မှု ပိုမိုရရှိစေရန်နှင့် ပိုမိုကောင်းမွန်သည့် လူမှုရေးရလဒ်များ ပေါ်ထွန်းစေရန် မျှော်မှန်းကာ လက်ရှိတွင် လူမှုဖူလုံရေးစီမံကိန်း အကျုံးဝင်မြို့နယ် ၁၂၂ မြို့နယ်ရှိ အလုပ်ဌာနများမှ လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမား ၁ ဒသမ ၂၄ သန်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိကြောင်း၊ လက်ရှိတွင် လူမှုဖူလုံရေး အဖွဲ့အနေဖြင့် နိုင်ငံတကာ လူမှုဖူလုံရေးအဖွဲ့ (International Social Security Association– ISSA)၊ အာဆီယံ လူမှုဖူလုံရေးအသင်း (ASEAN Social Security Association– ASSA) တို့၌ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီး နိုင်ငံတကာအဆင့်မီ ထိရောက်ကောင်းမွန်သည့် လူမှုဖူလုံရေးလုပ်ငန်း ဆောင်ရွက်မှုများပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အာမခံအလုပ်သမားများအား ပိုမိုထိရောက် ကောင်းမွန်ပြီး အလွယ်တကူ လက်လှမ်းမီသည့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် နိုင်ငံတကာ၌ လူမှုကျန်းမာရေး အာမခံစနစ် (Social Health Insurance) အရ ဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များကို လေ့လာကာ Provider Purchaser Split (PPS) စနစ်အရ ပုဂ္ဂလိကဆေးခန်း၊ ဆေးရုံများနှင့် စာချုပ်ချုပ်ဆို၍ Capitation Payment ဖြင့် ဆေးခန်း ၂၁ ခန်း၊ Fee for Service Payment ဖြင့် ဆေးခန်း ၄၀ တို့ကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီအထိ လူမှုဖူလုံရေးအဖွဲ့မှ အာမခံအလုပ်သမားလူနာ ၂ ဒသမ ၈၁ သန်းကျော်ကို ကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် လူမှုဖူလုံရေးအဖွဲ့၌ အကျုံးဝင် အာမခံအလုပ်သမား ဦးရေ၏ ၅၀ ရာခိုင်နှုန်း ကျော်ခန့်သည် အမျိုးသမီးအာမခံ အလုပ်သမားများ ဖြစ်သည့်အတွက် အမျိုးသမီးများ၏ ဘဝတစ်သက်တာအတွင်း တွေ့ကြုံရသည့် အရေးကြီးကိစ္စဖြစ်သော မီးဖွားခြင်းဆိုင်ရာ ဝန်ဆောင်မှု အကျိုးခံစားခွင့်များကို ခွင့်ပြုပေးနိုင်ရန် ဆေးဖိုးပြန်အမ်းမှုဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆေးဖိုးကုန်ကျမှုများ ပြန်လည်ပေးအမ်းလျက်ရှိရာ ၂၀၂၂ ခုနှစ် ဧပြီမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီအထိ အာမခံအမျိုးသမီးအလုပ်သမား ၁၇၄၁၃ ဦးအတွက် ငွေကျပ်သန်း ၂၁၈၆ ဒသမ ၆၄၉ ကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည့်အပြင် မြို့နယ် လူမှုဖူလုံရေးရုံးများသို့ ဥပဒေအရ အာမခံအလုပ်သမားများက တင်ပြလာသည့် အကျိုးခံစားခွင့်အမှုတွဲများကို အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုထုတ်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီအထိ ငွေကျပ်သန်းပေါင်း ၆၂၅၉၄ ဒသမ ၅၁၁ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ဖြစ်ကြောင်း။

လူမှုဖူလုံရေးအဖွဲ့မှ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ လူမှုကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်း၍ မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) နှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာ MOC လက်မှတ်ရေးထိုးပြီး မလေးရှားနိုင်ငံရောက် အာမခံထားသူ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ လုပ်ငန်းခွင်ထိခိုက်မှုဆိုင်ရာ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ မှန်ကန်မြန်ဆန်စွာရရှိစေရေး ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်းနှင့် မြန်မာရွှေ့ပြောင်း အလုပ်သမား အများဆုံးသွားရောက် အလုပ်လုပ်ကိုင်လျက်ရှိသည့် ထိုင်းနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (Social Security Organization) နှင့် အာမခံထားသူ မြန်မာရွှေ့ပြောင်း အလုပ်သမားများ၏ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ အပြည့်အဝရရှိစေရန်အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။(ဝဲပုံ)

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ယခင် (၁/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ အဖွဲ့ဝင်များက သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့ အနေဖြင့် အာမခံအလုပ်သမားများအတွက် ယခုထက်ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်စေရန်နှင့် လက်ရှိ အကျုံးဝင်လွှမ်းခြုံမှုမှသည် တစ်မျိုးသားလုံး အကျုံးဝင်လွှမ်းခြုံနိုင်သည့် စီမံကိန်းဖြစ်စေရန်အတွက် အခြားအိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးနေသည့် လူမှုဖူလုံရေးစနစ်များနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်မှုများပြုလုပ်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆက်လက် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူးအား အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Wang Yu Bo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့တွင် Horizon Lake View Resort ၌ အလုပ်သဘောနေ့လယ်စာ (Working Lunch) ဖြင့် တည်ခင်းဧည့်ခံ တွေ့ဆုံဆွေးနွေးသည်။(ယာပုံ)

ထိုသို့ ဧည့်ခံတွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်ရုံသာမက အဓိကကုန်သွယ်ဖက်နိုင်ငံများလည်းဖြစ်ရာ နှစ်နိုင်ငံကုန်သွယ်မှုကို အလေးထားပြီး ကုန်စည်များ အဆင်ပြေချောမွေ့စွာ စီးဆင်းနိုင်ရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးကြသည်။

နေ့လယ်စာစားပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီး H.E. Mr. Chen Hai ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းမှ အခွင့်အလမ်းများပေးနိုင် မြန်မာ-ရုရှား သံတမန်ဆက်ဆံရေး(၇၆)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စိန့်ပီတာစဘတ်-မြန်မာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ တုံဂပူရိဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ MSMEs လုပ်ငန်းရှင်များ တက်ရောက်ကြပြီး အာဆီယံ-ဂျပန်စင်တာမှ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေနှင့် ၂၀၂၃ ခုနှစ်တွင် အာဆီယံ-ဂျပန်စင်တာမှ "ခရီးသွားလုပ်ငန်းဆိုင်ရာ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု" နှင့် "လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု"တို့နှင့်စပ်လျဉ်းသော စီမံကိန်းနှစ်ခုကို ရရှိထားကြောင်း၊ ယင်းစီမံကိန်းများအနေဖြင့် ပြည်တွင်း MSMEs လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းနိုင်သော စီးပွားရေးအသိအမြင်များနှင့် ကွန်ရက်ချိတ်ဆက်မှုအခွင့်အလမ်းများကို ဖန်တီးပေးရန် ရည်ရွယ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့တစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောကြောင့် ရေရှည်တည်တံ့ခိုင်မြဲရန် လိုအပ်ကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းမှ အခွင့်အလမ်းများပေးနိုင်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့တစ်ဝန်းတွင် အလုပ်အကိုင်ပေါင်း သန်း ၃၂၀ ကျော် ဖန်တီးပေးပြီး ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်ဟု ကမ္ဘာ့ခရီးသွား လုပ်ငန်းအဖွဲ့အချုပ်၏ အစီရင်ခံစာတွင်တွေ့ရှိရကြောင်း၊ MSMEs လုပ်ငန်းများသည် နိုင်ငံ၏ အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများ အောင်မြင်ရန် ငွေကြေး၊ လူသားအရင်းအနှီး၊ လုပ်ငန်း ကွန်ရက်များနှင့် ဈေးကွက်တို့ ရရှိမှုပေါ်တွင် မူတည်လျက်ရှိကြောင်း၊ MSMEs လုပ်ငန်းများကို ပံ့ပိုးပေးခြင်းဖြင့် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း ဖော်ဆောင်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံ-ဂျပန်စင်တာမှ Programme Director Mr. Chairat Liengkajornkiet က အမှာစကားပြောကြား၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် MSMEs လုပ်ငန်းများ၏ အခန်းကဏ္ဍ၊ လုပ်ငန်းစဉ်များ၊ ငွေကြေးနှင့် ဈေးကွက်ရှာဖွေရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သူများသည် အဖွဲ့လိုက်ခွဲ၍ ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ - ရုရှား သံတမန်ဆက်ဆံရေး (၇၆) နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ကျင်းပပြုလုပ်သော စိန့်ပီတာစဘတ်-မြန်မာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ အွန်လိုင်းမှ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ စိန့်ပီတာစဘတ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြီးအကဲ Mr. Vladimir Zapevalov၊ စိန့်ပီတာစဘတ်ပြည်ပဆက်ဆံရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဗီချယ်စလာ့ကဘ်ဂါနိုဗ့်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုံး၊ စိန့်ပီတာစဘတ် ကောင်စစ်ဝန်ချုပ် ဦးအောင်ဖေသက်၊ စိန့်ပီတာစဘတ် တရားရေးဆိုင်ရာဌာနမှ ဒုတိယဥက္ကဋ္ဌ Mr. Nikolay Bondarenko တို့က Hybrid စနစ်ဖြင့် တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov က video message ပေးပို့သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ရုရှား- မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရွက်မှုများ တိုးမြှင့်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းရှင်များအတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးသွားမည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ကျင်းပပြုလုပ်မည့် နိုင်ငံတကာခရီးသွားပြပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားပြခန်းများ ပါဝင်ပြသသွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာရေး ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ- ရုရှား နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး ခရီးသွားမြှင့်တင်ရေး ဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ပုသိမ်တက္ကသိုလ်နှင့် မြောင်းမြပညာရေးဒီဂရီကောလိပ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြောင်းမြပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီး စာသင်ခန်းများအတွင်း ဆရာ ဆရာမများက ဘာသာရပ်များကို သင်ကြားနည်း စနစ်တကျဖြင့် သင်ကြားပို့ချပေးနေမှုကို ကြည့်ရှုသည်။(အောက်ပုံ)



ထို့နောက် ဒုတိယဝန်ကြီးသည် အဆိုပါကောလိပ်ရှိ မြရတုခန်းမတွင် ပါမောက္ခများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံပြီး ကျောင်းသားကျောင်းသူများအနေဖြင့် ဘွဲ့ရပြီးနောက် ဆရာ ဆရာမများအဖြစ် တာဝန်ထမ်းဆောင်ကြချိန်တွင် မိမိတို့၏ ဆရာ ဆရာမများကို နမူနာယူ၍တပည့်အားလုံးကို ကျောသားရင်သား မခွဲခြားဘဲ နာသုံးနာ အရင်းခံ၍ အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများ ဖြစ်လာအောင်သင်ကြားပေးကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၁၃) အခြေခံပညာမူလတန်းကျောင်းများသို့ သွားရောက်၍ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှု၍ ဘာသာရပ်ဌာနများတွင် ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး တက္ကသိုလ်ဥပမိရှပ်ကောင်းမွန်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး အခြေအနေ၊ တက္ကသိုလ်စာကြည့်တိုက်နှင့် အားကစားရုံတို့ကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပုသိမ်မြို့တော်ခန်းမ၌ ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ မြောင်းမြနှင့် ဘိုကလေးမြို့နယ်တို့တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ခံယူချက် စေတနာနှင့် အမြော်အမြင်ရှိမှုအပေါ်တွင် မူတည်၍ . . .

**စွမ်းပြည့်**

**နိုင်ငံအတွက် ယခုအချိန်ဟာ အချုပ်အခြာနဲ့ ပြည်ထောင်စုအရေး၊ တိုင်းရင်းသားအရေးများ အလွန်အရေးကြီးနေချိန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ကြီး အဘက်ဘက်က အင်အားဆုတ်ယုတ်ချည့်နဲ့သွားအောင် ဝိုင်းဝန်းပူးပေါင်း လုပ်ကြံနေတဲ့အချိန်လည်းဖြစ်တယ်။ နိုင်ငံတော်အစိုးရအနေနဲ့က ကိုယ့်ပြည်တွင်း အားကိုပဲ ယုံပါတယ်။ ဒါကြောင့်လည်း မရရအောင် တည်ဆောက်နေတာပဲဖြစ်တယ်။ အကျိုးလိုလို့ ညောင်ရေလောင်း မစ္ဆရိယအားကြီးသူ ပြည်ပနိုင်ငံတွေနဲ့ ကောက်ကျစ်တဲ့ပြည်တွင်းလောက်ကောင်တွေကြားမှာ ပြည်ထောင်စုကြီးမပြိုကွဲသွားအောင် ရှိတဲ့တိုင်းရင်းသားတွေ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ ရန်ငါမဖြတ်ဘဲ အတူတကွ နေထိုင်ကြရလေအောင် အားသွန်ခွန်စိုက် ကြိုးစားအားထုတ်နေရတဲ့ အချိန်လည်းဖြစ်တယ်။ ဒီလိုရည်ရွယ်ချက်တွေကြောင့်လည်း အတည်ပြုပြဋ္ဌာန်းပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခုလို အာဏာတည်စေလိုက်ရတာဖြစ်ပါတယ်။**

❖ **တချို့ရှေ့တန်းမှာ နှစ်နဲ့ချီနေနေရတဲ့သူတွေ၊ တပ်မတော်မှာ အနှစ် ၂၀၊ ၃၀၊ ၄၀ လောက် တာဝန် ထမ်းနေရသူတွေကို စာနာ အားနာသင့်ပါတယ်။ သူတို့တွေကြောင့် ငါတို့ ဒီလို အေးအေးချမ်းချမ်း နေနိုင်၊ ပညာသင်နိုင်၊ လုပ်ကိုင် စားသောက်နေထိုင်နိုင်ကြတယ် ဆိုတာ တစ်လှည့်ပြန်တွေးပြီး ကိုယ်ချင်းစာ နားလည်ပေးစေ ချင်ပါတယ်။ ပြောရဲပါတယ်... ယခု ပြည်သူ့စစ်မှုထမ်းဥပဒေ အရ ထမ်းရွက်ခွင့်ရသူတွေဟာ အမြဲတမ်းစစ်သည်တွေလောက် ပင်ပန်းဆင်းရဲခြင်းရှိမှာ မဟုတ်ပါဘူး**

### စာနာနားလည်မှုဖြင့်

ဒီဥပဒေက ၁၉၅၉ ခုနှစ်ကတည်းကရှိပြီးသား။ ၂၀၁၀ ပြည့်နှစ်မှာ ပြန်လည်ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး ယခုအချိန်မှာမှ အာဏာတည်ခြင်း ဖြစ်ပါတယ်။ မလိုအပ်သေးတဲ့ အခြေအနေတွေကြောင့် အကောင်အထည်မဖော်ဖြစ်သေးတာပါ။ ယခုအချိန်မှာတော့ လိုအပ်လာပြီဖြစ်လို့ အာဏာတည်လာတာ ဖြစ်ပါတယ်။ ဝေဖန်ခံ၊ အမုန်းခံပြီး ထုတ်တယ်ဆိုကတည်းက လိုအပ်လို့ထုတ်ပြန်တာပဲပေါ့။ ဒီလိုပဲ မှတ်ယူသင့်ပါတယ်။ ပြည်သူ့စစ်မှုထမ်း နှစ်နှစ်ဆိုသောကာလသည် ဘဝတစ်ခုရဲ့ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်တယ်။ ဒါကို ဘဝကြီးတစ်ခုလို့ မှတ်ယူနေလို့မဖြစ်။ ဒီနေ့တွေ့နေရတဲ့ စစ်သားတွေက အမြဲတမ်း တပ်မတော်ရဲ့ အသွင်အပြင်ဖြစ်တဲ့ အတိုင်း ၂၄ နာရီ တာဝန်ထမ်းရွက်နေရသူတွေပါ။

**တချို့ရှေ့တန်းမှာ နှစ်နဲ့ချီနေနေရတဲ့သူတွေ၊ တပ်မတော်မှာ အနှစ် ၂၀၊ ၃၀၊ ၄၀ လောက် တာဝန်ထမ်းနေရသူတွေကို စာနာအားနာသင့်ပါတယ်။ သူတို့တွေကြောင့် ငါတို့ ဒီလို အေးအေးချမ်းချမ်းနေနိုင်၊ ပညာသင်နိုင်၊ လုပ်ကိုင်စားသောက်နေထိုင်နိုင်ကြတယ်ဆိုတာ တစ်လှည့်ပြန်တွေးပြီး ကိုယ်ချင်းစာ နားလည်ပေးစေချင်ပါတယ်။ ပြောရဲပါတယ်... ယခု ပြည်သူ့စစ်မှုထမ်းဥပဒေအရ ထမ်းရွက်ခွင့်ရသူတွေဟာ အမြဲတမ်းစစ်သည်တွေလောက် ပင်ပန်းဆင်းရဲခြင်းရှိမှာ မဟုတ်ပါဘူး။**

### စစ်မှုထမ်းကန့်သတ်ချက်များနဲ့ အခမ့်စုဆောင်းနေမှုများ နှိုင်းယှဉ်ကြည့်

စစ်မှုထမ်းရမယ့် အသက်အရွယ်၊ အလုပ်အကိုင်၊ အိမ်ထောင်ရှိ၊ မရှိ၊ ပညာရေး၊ ကျန်းမာရေး ကန့်သတ်ချက်အများကြီးထဲကနေ အဆင့်ဆင့် ကျော်ဖြတ်ပြီးမှ ထမ်းရွက်ကြရမှာပါ။ လူတိုင်း စစ်မှုထမ်းချင်ရင်တောင် ထမ်းခွင့်မရပါဘူး။ စစ်သားတိုင်းယောကျ်ားဖြစ်ပေမယ့် ယောကျ်ားတိုင်းလည်း စစ်သားမဖြစ်ပါဘူး၊ ယောကျ်ားပီသမှ ပေမီဒေါက်မီ ဖြစ်မှ ဖြစ်ခွင့်ရမှာပါ။ ကျွန်တော်တို့မှာလည်း သားသမီးတွေရှိသလို စစ်သားသူငယ်ချင်းတွေလည်းရှိတယ်။ စစ်မှုထမ်းတိုင်းလည်း ရှေ့တန်းသွားချင်မှသွားရမှာ၊ ရှေ့တန်းသွားတိုင်းလည်း တိုက်ပွဲနဲ့ကြုံချင်မှကြုံမှာ၊ တိုက်ပွဲနဲ့ကြုံတိုင်းလည်း အသက်အန္တရာယ်နဲ့ ကြုံချင်မှကြုံမှာ... သဘော ပြောတာပါ။

အမျိုးစစ် – မျိုးချစ်လို့ပဲဖြစ်ဖြစ်၊ ဒီနိုင်ငံက နိုင်ငံသားကောင်း တစ်ယောက်အနေနဲ့ဖြစ်ဖြစ် ဒီနိုင်ငံကထုတ်တဲ့ဥပဒေကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေလိုက်နာဖို့ တာဝန်ရှိတယ်လို့ ခံယူပါတယ်။ အများကြီးလည်း ခေါင်းထဲမထွေးကြပါနဲ့၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားနဲ့ သတင်းစာတွေက နေ့စဉ်ရက်ဆက် ကြေညာချက်တွေ၊ ပြောကြားချက်တွေ၊ အသိပညာပေးတာတွေကို အသေးစိတ် လေ့လာဖတ်ရှုကြည့်ပါလို့ အကြံပေးချင်ပါတယ်။ ဥပဒေတစ်ရပ်ဟာ ပြဋ္ဌာန်းလိုက်တာနဲ့ ချက်ချင်းအကောင်အထည် ဖော်လို့လည်းမရပါဘူး၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေ စနစ်တကျ ရေးဆွဲထုတ်ပြန်ပြီးမှသာ ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ အတင်းအဓမ္မခေါ်ယူရမယ့် အခြေအနေမျိုးလည်းမဟုတ်ပါဘူး။

လက်ရှိ EAO ဒေသတွေမှာ အရွယ်မရောက်သူရော၊ အရွယ်ရောက်ပြီးသူရော တစ်အိမ် ဘယ်နှယောက် စသဖြင့် အတင်းအဓမ္မ စစ်သားစုဆောင်းနေတာတွေအပေါ်မှာ ဘယ်သူမှ ဘာမှ ပြောလို့မရတဲ့အခြေအနေတွေနဲ့လည်း နှိုင်းယှဉ်ကြည့်လို့ရပါတယ်။ သူတို့ဟာ သူတို့လူမျိုးအတွက်၊ သူတို့ဒေသအတွက်၊ သူတို့ စစ်ဘုရင်တွေအတွက်ပဲဖြစ်ပြီး ဥပဒေမရှိ၊ လစာမည်မည်ရရမရှိ၊ ခံစားခွင့်နတ္ထိနဲ့ အဓမ္မ စုဆောင်းခံနေကြရတယ်ဆိုတာ နှိုင်းယှဉ်ပြချင်တယ်။

### အတိတ်နှင့်ယှဉ်၍ ပိတ်ဆို့ဟန့်တားနေကြ

နိုင်ငံရဲ့ရည်ရွယ်ချက်က တင်ပြခဲ့သလို အရေးသုံးပါးကိုပဲဆုပ်ကိုင်ပြီး ပြောနေတာဖြစ်ပါတယ်။ နိုင်ငံတကာမှာ စစ်တိုက်နေတဲ့ အစ္စရေးနဲ့ အီရန်က လွဲပြီး အမျိုးသားစစ်မှုထမ်းစနစ် ကျင့်သုံးနေတဲ့ ကျန်နိုင်ငံတွေဟာ ပြည်တွင်း၊ ပြည်ပကျူးကျော်မှုမရှိ၊ ငြိမ်းချမ်းတဲ့နိုင်ငံတွေဖြစ်တယ်ဆိုတာ လေ့လာမိတယ်။ ဒီအချက်ကိုကြည့်ရင် အမျိုးသားစစ်မှုထမ်းစနစ်ဟာ ပြည်တွင်း/ပြည်ပကျူးကျော်မှုတွေနဲ့လည်း တိုက်ရိုက်သက်ဆိုင်ခြင်းမရှိတာ တွေ့နိုင်ပါတယ်။ မြန်မာဆိုတဲ့အမြင်နဲ့ ပြည်ထောင်စုအရေး၊

❍ **ပြည်သူ့စစ်မှုထမ်းတဲ့အတွက် ရလာမယ့်အကျိုးကျေးဇူးက များလှပါတယ်။ နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ နိုင်ငံတာဝန်ကျေပွန်သွားခြင်းဟာ အကျိုးကျေးဇူးတစ်ခုပါ။ တပ်မတော်ရဲ့ မူဝါဒတွေ သိနားလည်သွားပြီး တပ်မတော်သားတွေကို စာနာသွားမှာသေချာပါတယ်။ လူနဲ့ အဖွဲ့အစည်းကို ခွဲခြားသိမြင်သွားပါလိမ့် မယ်။ ခေါင်းဆောင်မှုနဲ့အတူ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်မှု စီမံခန့်ခွဲမှု၊ စည်းကမ်းလိုက်နာမှု စတဲ့ ပညာရပ်တွေဟာ လူငယ်တွေအတွက် လက်တွေ့အကျိုးရှိ လိုအပ်နေ တဲ့ ကိုယ်ရည်ကိုယ်သွေးတွေပဲ ဖြစ်ပါတယ်**

ကိုယ့်နိုင်ငံအရေး၊ တိုင်းရင်းသားတွေအရေး ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်နေရပေမယ့် မြန်မာပြည်သူတွေ စစ်မှုထမ်းမယ့်အရေး၊ လက်နက်ကိုင်မယ့်အရေးကို သေမလောက်ကြောက်နေကြတာ တွေ့ရတယ်၊ ပြည်တွင်းကော ပြည်ပရောပေ့ါ။

ပြည်တွင်း EAO တွေအနေနဲ့ နောင်တစ်ချိန် စစ်ပညာတတ်သွားမယ့် မြန်မာလူငယ်တွေအပေါ်မှာ သူတို့အသုံးချချင်တိုင်း ချလို့ရတော့မှာ မဟုတ်ဘူးဆိုတာလည်း သူတို့ သိနေတယ်၊ အထူးသဖြင့် မြန်မာတွေ စစ်ပညာတတ်သွားမှာ သေမတတ် ထိတ်လန့်နေကြတာဖြစ်ပါတယ်။ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနိုင်ငံတော်များဆိုပြီး မြန်မာတွေ စည်းလုံးခဲ့တဲ့အချိန်၊ ကြီးထွားခဲ့ဖူးတဲ့ လက်ရုံးရည်နှလုံးရည်မျိုးရှိလာမှာကို ဉာဏ်မီတဲ့သူတွေက ကြိုပြီးစိုးရိမ်တတ်တဲ့ သဘောသဘာဝကိုလည်း နားလည်ပေးနိုင်ပါတယ်။

ဉာဏ်မီတဲ့သူဆိုတာ မြန်မာနိုင်ငံက ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်အပြီးမှာ US နဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံခဲ့မှုအပေါ်မှာ ပြောတာဖြစ်ပါတယ်။ သူတို့အတွက် စိုးရိမ်မယ်ဆို စိုးရိမ်စရာလည်း ဖြစ်တယ်။ ကိုလိုနီခေတ်က နေမဝင်အင်ပါယာ အင်္ဂလိပ်စစ်တပ်မှာ တချို့တိုင်းရင်းသားတွေက လွဲပြီး မြန်မာတွေကိုမထည့် လူရာမသွင်း လက်နက်ဆိုလို့ ဓားတစ်ချောင်းတောင် ပေးမကိုင်ခဲ့တာ ကြည့်ရင် သိသာပါတယ်။ ဒါကြောင့်လည်း ယခု စစ်မှုထမ်းဥပဒေကို အသည်းအသန် တားဆီးပိတ်ဆို့ဟန့်တားနေကြတာ ဖြစ်ပါတယ်။

### အကျိုးကျေးဇူးများနဲ့အတူ ကနဦးထမ်းရွက်လိုသူများရှိနေ

**ပြည်သူ့စစ်မှုထမ်းတဲ့အတွက် ရလာမယ့် အကျိုးကျေးဇူးက များလှပါတယ်။ နိုင်ငံ့သားကောင်း တစ်ယောက်အနေနဲ့ နိုင်ငံတာဝန်ကျေပွန်သွားခြင်းဟာ အကျိုးကျေးဇူးတစ်ခုပါ။ တပ်မတော်ရဲ့ မူဝါဒတွေ သိနားလည်သွားပြီး တပ်မတော်သားတွေကို စာနာသွားမှာသေချာပါတယ်။ လူနဲ့ အဖွဲ့အစည်းကို ခွဲခြားသိမြင်သွားပါလိမ့်မယ်။ ခေါင်းဆောင်မှုနဲ့ အတူ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်မှု စီမံခန့်ခွဲမှု၊ စည်းကမ်းလိုက်နာမှုစတဲ့ ပညာရပ်တွေ ဟာ လူငယ်တွေအတွက် လက်တွေ့အကျိုးရှိ လိုအပ် နေတဲ့ ကိုယ်ရည်ကိုယ်သွေးတွေပဲ ဖြစ်ပါတယ်။**

စာနာနားလည်မှုမှတစ်ဆင့် တပ်မတော် သွားနေတဲ့လမ်းကြောင်းကို သိသွားမယ်၊ တပ်မတော်ရဲ့တန်ဖိုး၊ စစ်သားတစ်ယောက်ရဲ့တန်ဖိုး ကိုသိပြီး နိုင်ငံတစ်နိုင်ငံမှာ ရှိကိုရှိသင့်တဲ့ အဖွဲ့အစည်း ဆိုတာ သဘောပေါက်သွားရင် စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေးမှာ အဖုအထစ်နည်းသွားမှာဖြစ်ပြီး နောင်ဆယ်စုနှစ်တစ်ခုလောက်မှာ တပ်မတော်နဲ့ ပြည်သူဟာ တစ်သားတည်းဖြစ်သွားမယ်လို့ တပ်အပ်ပြောနိုင်ပါတယ်။ ဒါ့အပြင် တစ်ချိန်မှာ ရပ်ထဲရွာထဲ စစ်မှုထမ်းဖူးသူနဲ့ မထမ်းဖူးသူ ယုံကြည်မှုရှိပုံချင်း၊ ဂုဏ်ယူရပုံချင်း ကွာခြားချက်၊ အလုပ်အကိုင်အခွင့်အလမ်းကွာခြားချက်တွေ ရှိလာနိုင်ပါတယ်။ သို့သော် တစ်ဖက်က အားသာချက်တွေရှိပေမယ့်လည်း ယခုလိုအချိန်မှာ ပြည်သူတွေရဲ့ စိုးရိမ်စိတ် မြင့်တက်နေမှုကို စာနာနားလည်မှုပေးနိုင်ရပါမယ်။

မိဘပြည်သူတွေရဲ့အပူဟာ တကယ်တော့ ကောလာဟလတွေကြောင့် ထပ်ဆင့်ပူလောင်နေရတာပါ။ ဖြစ်နိုင်/မဖြစ်နိုင် သုံးသပ်နိုင်စွမ်း အားနည်းတဲ့အပေါ်မှာ အခွင့်ကောင်းယူ အသုံးချနေခြင်းကို မြင်အောင်ကြည့်ကြဖို့လိုပါမယ်။ ကောလာဟလကြောင့် လူငယ်တွေ တောထဲပြန်ရောက်မယ့်အရေး ပိုပြီးတွေးပူရပါမယ်။ ယခုအခြေအနေက လူပြိန်းတွက် တွက်ရင်တောင် အနေသာကြီးပါ။ လက်ရှိပေါက်နေတဲ့ လူဦးရေ ၁၃ သန်းနဲ့တင်တွက်ပါဦး။ တစ်ရပ်ကွက် လူ နှစ်ယောက်နှုန်း၊ အမှုထမ်းနိုင်ခြေ တစ်နှစ်လူ ၂၀၀ မှာ တစ်ယောက်နှုန်း၊ တစ်နှစ် လူ ၆၀၀၀၀ နှုန်းနဲ့ မိမိလက်ရှိ ယခုအသက်နဲ့ယှဉ်ပြီး ကျား ၃၃/ ၃၄/ ၃၅၊ မ ၂၅/၂၆/ ၂၇ စသဖြင့် သွားမှာက ရေရှည်စီမံချက်၊ နောင်တက်လာမယ့် ဘယ်အစိုးရ အဆက်ဆက်မဆို အသက်ဝင်နေမှာဖြစ်ပါတယ်။

ကောလာဟလကြောင့်သော် လည်းကောင်း၊ ကိုယ်ကိုယ်တိုင်မသိနားမလည်လို့၊ သေမှာ ပင်ပန်းဆင်းရဲမှာကြောက်လို့သော် လည်းကောင်း တချို့လည်း မျိုးချစ်စိတ်အခံနည်းပြီး နိုင်ငံနဲ့ တပ်မတော်အပေါ် အတိုက်အခံစိတ်ရှိလို့သော် လည်းကောင်း ရှိကြပေမယ့် နေရာအချို့၊ ဒေသအချို့မှာ ပြည်သူ့စစ်မှုထမ်း ဥပဒေအပေါ် ထောက်ခံပွဲတွေ လုပ်နေတာတွေလည်း တွေ့ရပြန်တယ်၊ တချို့လည်း နိုင်ငံချစ်စိတ်နဲ့ အမှုထမ်းချင်သူတွေရှိကြမှာပါ။

တချို့က စွန့်စားချင်ကြတယ်၊ တချို့က ကိုယ့်ကိုယ်ကိုယ်

*စာမျက်နှာ ၁၁ သို့*





## အကြိမ် (၃၀) မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

(၇၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ်(၃၀) မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က) အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက် ကျင်းပသည်။

ယနေ့နံနက်ပိုင်း ပွဲစဉ်အဖြစ် (က)အဆင့် ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ စစ်တက္ကသိုလ် ကိုယ်စားပြုစစ်တီးဝိုင်းအသင်းနှင့် (ခ)အဆင့် ပြိုင်ပွဲတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအမှတ်(၁)စစ်တီးဝိုင်းအသင်းနှင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့ပြင် ညနေပိုင်းတွင် (ခ) အဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ် (၁) စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ တွဲဖက် စစ်ရေးချုပ် ဗိုလ်မှူးချုပ် ထွန်းမြတ်ရွှေ၊ တပ်မတော် အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) သတင်းစဉ်**

## ရေဝတီတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်းဆောင်ရွက်

**ပုသိမ် ဖေဖော်ဝါရီ ၂၀**

ရေဝတီတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာသည့် အသိပညာပေး အစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြန်အောင်မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ၇၃ ခုမှ ပြည်သူ ၅၉၃ ဦး၊ ပန်းတနော်မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စု ၅၆ ခုမှ ပြည်သူ ၅၉၂ ဦး စုစုပေါင်း ၁၁၈၅ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။ စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကိုလည်း ပေးခဲ့ကြသည်။ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာခြင်း အစီအစဉ်ကို ရေဝတီတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာဆွေးနွေးပွဲများ ကျင်းပ

**တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ဒေသခံပြည်သူများ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိသဘောပေါက်နားလည်စေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းကာ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဟောပြောပွဲများ ကျင်းပဆောင်ရွက်နေမှုကို စုစည်းဖော်ပြအပ်ပါသည်-**

### ညောင်ဦး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်က ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ရှင်းလင်းဆွေးနွေးဟောပြောပြီး အခမ်းအနားသို့ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးသက်နိုင်ထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ အင်အား ၂၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

### တောင်တွင်းကြီး

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က မောင်းတိုင်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက ပြည်သူ့ စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် မလိုလားအပ်သည့် မီဒီယာအချို့၏ ကောလာဟလ လုပ်ကြံသတင်းများကြောင့် စိုးရိမ်ကြောင့်ကြဖြစ်ရန် မလိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မေးမြန်းဆွေးနွေးမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၁) ဗိုလ်မှူး သက်ခိုင်ထွန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**ရန်နောင်စိုး(ပြန်/ဆက်)**



### ငဖဲ

ငဖဲမြို့နယ် ပဒါန်းကျေးရွာတွင် ဒေသခံပြည်သူများအား ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က အဆိုပါကျေးရွာ အမှတ်(၁) ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပရာ ပြည်သူ ၇၀၀ ကျော် တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ငဖဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုး၊ မြို့နယ်ဥပဒေအရာရှိ ဦးမျိုးကိုကိုဟိန်းနှင့် မြို့နယ်စခန်းမှူးဒုရဲမှူးဇော်ဝင်းက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဥပဒေပုဒ်မ၊ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသိပညာပေးဆွေးနွေးပြောကြားသည်။ ထို့နောက်တက်ရောက်လာသည့် ကျေးရွာပြည်သူများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **မယု(ငဖဲ)**

*စာမျက်နှာ ၁၀ မှ*

ကာကွယ်နိုင်အောင် လက်နက်နဲ့ စစ်ပညာသင်ချင်ကြတယ်၊ တချို့က နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံ့ဥပဒေကို လေးစားပြီး နှစ်နှစ်၊ သုံးနှစ်တာ ကာလလေးကို တာဝန်ကျေချင်ကြတယ် စသဖြင့် အမျိုးမျိုးသော ကိုယ်စီဆန္ဒတွေနဲ့ စစ်မှုထမ်းဖို့ ထုတ်ဖော်အသိပေး လာကြတဲ့သူတွေ များစွာရှိပါတယ်။

#### ကောလာဟလများ ချင့်ချိန်တတ်ရန်လို

**ကောလာဟလကြောင့်ဆိုတဲ့နေရာမှာ မသမာသူတွေဟာ ပြည်သူလူထုကို ပေါ်တာဆွဲခြင်းနဲ့ ခြောက်လှန့်နေတာ တွေ့ရတယ်။ တွေးကြည့်ပါ… ယနေ့ခေတ်ဟာ ပေါ်တာခေတ်မဟုတ်တော့ပါဘူး။ ရပ်ကျေးငယ်စာရင်းနဲ့တိုက်ပြီး ဆင့်ခေါ်လို့ သတင်းမပို့ရင် ဥပဒေအရ အရေးယူရမယ့်အခြေအနေရှိပြီးသားမှာ ဘယ်သူမှ အလုပ်ရှုပ်ခံပြီး ပေါ်တာလိုက်မဆွဲပါဘူး။ ပေါ်တာဆွဲတာမရှိပေမယ့် ရပ်ရွာလုံခြုံရေးအတွက် ညဘက် ဧည့်စာရင်းစစ်တာတော့ရှိမယ်။ မသင်္ကာလို့ ညဘက်အဆွဲခံရရင်လည်း ဒီလိုညဥ့်ဘက် အဆွဲခံရတဲ့သူဟာ ခိုး၊ ဆိုး၊ လု၊ နှိုက်၊ ဖောက်ခွဲဖျက်ဆီးရေးသမားကလွဲပြီး ဘယ်နည်းနဲ့မှ လူကောင်းမဖြစ်နိုင်ပါဘူး။**

ပေါ်တာကောလာဟလဖြန့်ပြီး ပြည်သူတွေချောက်ချားအောင်နဲ့ ဧည့်စာရင်းစစ်ခြင်း နှောင့်နှေးသွားအောင် ရည်ရွယ်ချက်သာ ဖြစ်နိုင်ပါတယ်။ ဒါကဥပဒေအရ သဘောတစ်ခုကိုပြောပြရုံသာပါ။ တာဝန်ရှိသူတွေအနေနဲ့လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အခြေခံပြီး စည်းရုံးရေးနည်းလမ်း၊ ပညာပေးနည်းလမ်းတွေနဲ့သာ သွားမှာပါ။ ထိုနည်းတူ ပြည်ပထွက်ခွာခွင့်တွေနဲ့ ပတ်သက်ပြီးလည်း ကန့်သတ်ချက်မရှိ၊ တားဆီးခြင်းမရှိ ယခင်အတိုင်း စနစ်တကျ စိစစ်ထွက်ခွာခွင့်ပေးလျက်ပါပဲ။ တစ်ခုတော့ရှိတယ်၊ ယခုလို ထုတ်ပြန်တဲ့ဥပဒေနဲ့အညီ နည်းလမ်းကို အကောင်အထည်ဖော်ရာမှာတော့ တချို့ အဂတိမကင်းတာတွေရှိလာနိုင်တာကို ထည့်တွက်ရပါမယ်။ ဒါကတော့ ဥပဒေအရ ပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်သွားရမယ့် အနေအထားပါ။

**ဘယ်လိုဖြစ်ဖြစ်ပါ။ ကိုယ့်နိုင်ငံ၊ ကိုယ့်အရေးကို ကမ္ဘာကြည့်ကြည့်ပြီးလည်း မြင်စေချင်ပါတယ်။ အတိတ်နဲ့ ပစ္စုပ္ပန် ကမ္ဘာ့အရေးတွေဟာ လက်ရှိမြန်မာ့အရေးတွေနဲ့လည်း ဆက်စပ်နေတယ်ဆိုတာ တွေ့ရပါမယ်။ ကမ္ဘာမှာ proxy ကစားကွက်တွေ၊ ထောင်ချောက်တွေ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ စစ်သွေးကြွတွေခေတ်စားနေပြီး သူတို့ကြောင့် သက်ရောက်မှုတွေမှာ မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပါတယ်။ အားလုံးဟာ သူ့အကြောင်းနဲ့သူ ဖြစ်လာကြတယ်ဆိုပေမယ့် အကြောင်းဆိုးတွေအပေါ် သင်ခန်းစာယူပြီး အနာဂတ်အတွက် တတ်နိုင်သမျှ ထမ်းရွက်သွားနိုင်ဖို့ကသာ ပိုအရေးကြီးပါတယ်။**

ဒီနိုင်ငံမှာနေပြီး ဒီနိုင်ငံသားတွေဖြစ်နေတော့လည်း ဒီနိုင်ငံကဥပဒေကို လိုက်နာကြဖို့ပဲရှိပါတယ်။ လုပ်တဲ့အခါမှာသာ စေတနာမှန်နဲ့ အမြော်အမြင် ရှိရှိလေး၊ ညီညီညွတ်ညွတ်လေး လုပ်သွားကြမှသာ ကိုယ့်အတွက်ရော အများအတွက်ပါ ကောင်းသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့စစ်မှုထမ်းမှာ အခန်းကဏ္ဍတစ်ခုခုကနေ တက်တက်ကြွကြွ ပါဝင်အားပေးသင့်ကြောင်း တိုက်တွန်းလိုပါတယ်။

သို့မှသာ ကိုယ်ကိုယ်တိုင်နဲ့ ကိုယ့်မိသားစု၊ ကိုယ့်မြို့၊ ကိုယ့်ရွာ၊ ကိုယ့်နိုင်ငံကိုပါ ကာကွယ်ရာရောက်တယ်ဆိုတဲ့ ခံယူချက်၊ ပြည်သူ့စစ်မှုထမ်းခြင်းမှတစ်ဆင့် စစ်ပွဲတွေကို ဟန့်တားနိုင်စွမ်းရှိပြီး ကိုယ့်နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိုပါ ဖော်ဆောင်ရာ ရောက်တယ်ဆိုတဲ့ စေတနာ၊ မိမိကိုယ်မိမိလုံခြုံမှုမှတစ်ဆင့် မိမိရင်သွေး အနာဂတ်မျိုးဆက်တွေအထိပါ ကောင်းဖို့ဖြစ်မယ်ဆိုတဲ့ အမြော်အမြင်လေး ရှိလိုက်ရင်ကိုပဲ ယနေ့ ကိုယ်ဘာလုပ်သင့်တယ်ဆိုတဲ့ အဖြေမှန်ကို ရရှိသွားမှာဖြစ်ပါတယ်။ ။

# အာဆီယံနိုင်ငံများရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများခိုင်မာအားကောင်းလာစေရေး အာဆီယံဒေသတွင်းအလုပ်ရုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

အာဆီယံနိုင်ငံများရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး အာဆီယံဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ (Regional Workshop to Strengthen Capacity of National Mechanism for the Advancement of Women in AMS) ကို ယနေ့နံနက် ၈ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)ရေးဆွဲရေး ဦးဆောင်ကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ အမျိုးသမီးအဖွဲ့အစည်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ AFXB (Myanmar)၊ ACWO (Myanmar) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာဆီယံအမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ ASEAN Gender Mainstreaming Steering Committee နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။**(အပေါ်ယာပုံ)**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အာဆီယံဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းသည် ASEAN Committee on Women – ACW Work Plan (2021–2025) တွင်ပါရှိသည့် လုပ်ငန်းစီမံချက်ကို မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်သကဲ့သို့ ASEAN Gender Mainstreaming Strategic Framework–AGMSF ပါ ရည်ရွယ်ချက်များ အောင်မြင်စေရေးအတွက် အထောက်အကူပြုကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံဒေသတွင်းနိုင်ငံများမှ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး ချမှတ်ထားသည့်မူဝါဒများ၊ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များနှင့် စိန်ခေါ်မှုများကို အတွေ့အကြုံမျှဝေဖလှယ်ဆွေးနွေးပေးနိုင်ရန် ကျင်းပဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ASEAN Committee on Women (ACW) ဥက္ကဋ္ဌကိုယ်စား မလေးရှားနိုင်ငံ Ministry of Women, Family and Community Development မှ ဒုတိယအတွင်းရေးမှူးချုပ် Mr. Chua Choon Hwa က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ACW ကိုယ်စားလှယ်များက အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ASEAN Gender Mainstreaming Strategic Framework (AGMSF) လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများအနေဖြင့် ကြုံတွေ့ရသောအတွေ့အကြုံများ၊ ကောင်းမွန်သည့် အလေ့အထများနှင့် စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများဖြစ်သော ASEAN Confederation of Women's Organisations – ACWO (Myanmar)၊ ASEAN Women Entrepreneurs Network (AWEN) နှင့် AFXB (Myanmar) တို့မှ ကိုယ်စားလှယ်များက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ယန္တရားများ ခိုင်မာအားကောင်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုနှင့် အကျိုးရလဒ်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ ကဏ္ဍစုံ၌ ကျား၊ မရေးရာအား ထည့်သွင်းစဉ်းစား ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံမဏ္ဍိုင် (၃) ရပ်အောက်ရှိ အဓိကတာဝန်ယူဆောင်ရွက်နေကြသော နိုင်ငံခြားရေးဝန်ကြီးဌာန (APSC)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန (AEC)နှင့် ကျန်းမာရေးဝန်ကြီးဌာန (ASCC) တို့၏ ကိုယ်စားလှယ်များက ကျား၊ မ တန်းတူညီမျှမှု ပိုမိုတိုးတက်လာစေရေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်ကြသူများက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံအဆင့်ယန္တရားများ ခိုင်မာအားကောင်းလာစေရေး ဆွေးနွေးခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကားပြောကြား၍ အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နို့ထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများတည်ဆောက်ပြီး နို့ထွက်ပစ္စည်းများ ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စိုက်ပျိုးမွေးမြူရေး အခြေခံသော ကုန်ထုတ်လုပ်မှု လုပ်ငန်းများ သိသာစွာ ပြောင်းလဲတိုးတက်ရေး အတွက် နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့် လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်း ဆွေးနွေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက နို့စားနွား မွေးမြူရေးနှင့် ကျွဲမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ နို့ထွက်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများတည်ဆောက်ပြီး ပြည်တွင်း၌ နို့ထွက်ပစ္စည်းများ ဖူလုံအောင်ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပငွေသုံးစွဲမှုများကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ အလားတူ ပြည်ပပို့ကုန်အဖြစ် ကျွဲ၊ နွားအရှင်များ တင်ပို့ရောင်းချခြင်းကို အေးခဲသားနှင့် စည်သွတ်ကဲ့သို့ ကုန်ချောများ ထုတ်လုပ်တင်ပို့ခြင်းဖြင့် မွေးမြူသူ ထုတ်လုပ်တင်ပို့သူများအားလုံးအတွက် အကျိုးအမြတ် ပိုမိုဖြစ်ထွန်းစေရန်နှင့် နိုင်ငံခြားငွေ ပိုမိုရှာဖွေပေးနိုင်ရန် နည်းပညာအပါအဝင် လိုအပ်ချက်များ ဖော်ထုတ်အသုံးပြုနိုင်ရေး အတွက် ပညာရှင်များအပိုင်းက ကြိုးပမ်းပေးကြရန်၊ စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ သိသာစွာ ပြောင်းလဲတိုးတက်ရေးအတွက် ကျွမ်းကျင်သော လူသားအရင်းအမြစ်များ၊ မျိုးဆက်သစ် ပညာရှင်လူငယ်များ စနစ်တကျ သင်ကြားလေ့ကျင့် မွေးထုတ်ပေးနိုင်ရန် လိုအပ်ချက်များကို ရှင်းလင်း ဆွေးနွေးသည်။

ဆက်လက်၍ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မာမာဝင်းက တက္ကသိုလ်၏ သင်ကြားမှု သင်ယူမှုဆိုင်ရာ လုပ်ငန်းများ၊ ကျောင်းသား ကျောင်းသူများ အတွက် စာပေ၊ အားကစားနှင့် ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများ စီမံ ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ သုတေသနဆိုင်ရာ ဓာတ်ခွဲခန်းများနှင့် မွေးမြူရေး သုတေသနဦးစီးဌာန၏ သုတေသန လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မလှိုင်မြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာဆွေးနွေး

**မလှိုင် ဖေဖော်ဝါရီ ၂၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်များကို ပုဒ်မတစ်ခုချင်းအလိုက် ရှင်းလင်းဆွေးနွေးသည်။



ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝေဖြိုးက ပြည်သူ့စစ်မှုထမ်းဥပဒေ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးသိန်းဇော်က ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုမရှိစေရန် ဆွေးနွေးကာ လက်ကမ်းစာစောင်များ ပေးဝေသည်။ ဆွေးနွေးပွဲသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ပြည်သူ ၂၅၄ ဦး တက်ရောက်ခဲ့သည်။

**မြထွန်း(မလှိုင်)**

# YGEA ရွှေပညာဒါန အခမဲ့ရွှေပညာသင်တန်းတက်ရောက်မည့် သင်တန်းသားများအနေဖြင့် ရက်ပျက်မရှိတက်ရောက်နိုင်မှသာ သင်တန်းဆင်းလက်မှတ်ရရှိမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

YGEA ရွှေပညာဒါန အခမဲ့ရွှေပညာသင်တန်းတက်ရောက်မည့် သင်တန်းသားများအနေဖြင့် ရက်ပျက်မရှိတက်ရောက်နိုင်မှသာ သင်တန်းဆင်းလက်မှတ်ရရှိမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ (၃၁) ကြိမ်မြောက် ရွှေပညာဒါန( အခမဲ့) အသိပညာပေးရွှေသင်တန်းနှင့်ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းအမှတ်စဉ် (၁၂)ကို ဖွင့်လှစ်မည်ဖြစ်၍ သင်တန်းရောက်လိုသူများအနေဖြင့် သင်တန်းတက်ရောက်ခွင့်ပုံစံကို (အခမဲ့) တောင်းယူဖြည့်စွက်ပြီး ဓာတ်ပုံ သုံးပုံနှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီမှစတင်၍ သင်တန်းတက်ရောက်မည့်သူကိုယ်တိုင် လိုင်စင်ဓာတ်ပုံ သုံးပုံနှင့်အတူ YGEA ရုံးခန်းသို့ လာရောက်လျှောက်ထားနိုင်ပြီဟု သိရသည်။

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းကို မတ် ၁ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိဖြစ်ပြီး ရွှေပညာဒါနသင်တန်းတွင် မတ် ၂ ရက်မှ ၁၀ ရက်အထိ နံနက် ၈နာရီမှ နံနက် ၁၀နာရီအထိဖြစ်၍ နာရီဝက်စော၍ လာရောက်ပေးကြရန်လည်း အသိပေးထားသည်။

**MT**

# အီးယူ ၂၆ နိုင်ငံက ရာဖာတွင် စစ်ရေးတိုက်ခိုက်မှုမပြုလုပ်ရန် အစ္စရေးကို တိုက်တွန်း



**ဂါဇာ ဖေဖော်ဝါရီ ၂၀**

ဥရောပသမဂ္ဂ (အီးယူ) ၂၆ နိုင်ငံက ရာဖာတွင် စစ်ရေးတိုက်ခိုက်မှုမပြုလုပ်ရန် အစ္စရေးကို တိုက်တွန်းပြောကြားလိုက်သည်။ ရာဖာသည် ဂါဇာတောင်ဘက်စွန်းဒေသဖြစ်ပြီး လူဦးရေ ၁ ဒသမ ၅ သန်း မှီခိုနေထိုင်လျက်ရှိသည်။

အီးယူ ၂၆ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဖေဖော်ဝါရီ ၁၉ ရက်က ဘရက်ဆဲလ်တွင် အထက်ပါကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

အစည်းအဝေးပြီးနောက် အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ဂျိုးဆက်ဖ်ဘော်ရယ်က ရာဖာရှိ စစ်ဆင်ရေးက ယခင်ကတည်းက ဆိုးရွားနေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို ပိုမိုဆိုးရွားစေကြောင်းနှင့် အခြေခံလိုအပ်ချက်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများကို အရေးပေါ်ထောက်ပံ့ပေးရန် အဟန့်အတားဖြစ်စေကြောင်း ပြောကြားခဲ့သည်။

ရာဖာ၌ အစ္စရေးတို့ မြေပြင်ထိုးစစ်ဆင်နွှဲရန် အသင့်ဖြစ်နေချိန်တွင် နိုင်ငံတကာစိုးရိမ်မှုများလည်း မြင့်တက်လာခဲ့သည်။

ဟားမားစ်တို့က ရာမဒန်ကာလမတိုင်မီ ဓားစာခံများ အကုန်ပြန်မလွှတ်ပေးပါက အစ္စရေးစစ်ဘက်က ရာဖာကို ထိုးစစ်ဆင်လိမ့်မည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီးဟောင်းနှင့် စစ်ရေးဝန်ကြီးအဖွဲ့ဝင် ဘန်နီဂန့်ဇ်က ဖေဖော်ဝါရီ ၁၈ ရက်က ပြောကြားခဲ့သည်။ မွတ်စလင်တို့၏ဥပုသ်လသည် ယခုနှစ် မတ် ၁၀ ရက်ဝန်းကျင်တွင် စတင်မည်ဖြစ်သည်။ အစ္စရေးတပ်ဖွဲ့ဝင်များသည် ခန်ယွန်နစ်နှင့် ဂါဇာတောင်ပိုင်း၌ ရက်စက်ပြင်းထန်သည့်မြေပြင်ထိုးစစ်များ ဆက်လက်ပြုလုပ်လျက်ရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း လူပေါင်း ၁၀၇ ဦး သေဆုံးခဲ့သောကြောင့် စုစုပေါင်း သေဆုံးသူဦးရေသည် ၂၉၀၉၂ ဦးအထိ တိုးလာကြောင်း ဂါဇာကျန်းမာရေးအာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဇင်ဘာဘွေနိုင်ငံ၌ ကလေးငယ်လေးသန်းကို ရည်ရွယ်ကာ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှုစတင်

**ဟာရာရီ ဖေဖော်ဝါရီ ၂၀**

ဇင်ဘာဘွေအစိုးရသည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့် ပူးပေါင်းကာ အသက် ၁၀ နှစ်အောက် ကလေးငယ် လေးသန်းခန့်ကို ရည်ရွယ်၍ နိုင်ငံတစ်ဝန်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်လိုက်ကြောင်း သိရသည်။

အသက် ၁၀ နှစ်အောက် ကလေးငယ်အားလုံးကို ပစ်မှတ်ထားကာ ယခုပြုလုပ်သော တစ်နိုင်ငံလုံး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှုက ဗိုင်းရပ်စ်ကူးစက်မှုကို လျင်မြန်စွာဟန့်တားရန်နှင့် နောက်ထပ်ဖြစ်ပွားမှုကို တားဆီးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ကျန်းမာရေးနှင့်ကလေးစောင့်ရှောက်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောသည်။

ထို့အပြင် ကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှုသည် နိုင်ငံအတွင်းရှိ ကလေးငယ်များ၏ ကျန်းမာရေးကိုကာကွယ်ရန် ဇင်ဘာဘွေအစိုးရ၏ မဆုတ်မနစ်သောကြိုးပမ်းအားထုတ်မှုကို ပြသရာရောက်ကြောင်း ကျန်းမာရေးနှင့် ကလေးစောင့်ရှောက်ရေးဝန်ကြီး ဒေါက်ကလပ်စ်မွမ်ဘီရှီရာက ပြောသည်။

ပိုလီယိုဗိုင်းရပ်စ်အမျိုးအစား - ၂ (cVDPV2) ကို စစ်ဆေးတွေ့ရှိမှုက အလွန်စိုးရိမ်စရာဖြစ်သော်လည်း မြန်မြန်ဆန်ဆန်နှင့် ထိထိရောက်ရောက်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ပြင်ဆင်နေကြောင်း ၎င်းက ဆက်ပြောသည်။ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှုကို ဖေဖော်ဝါရီလနှင့် မတ်လတွင် နှစ်ကြိမ်ပြုလုပ်သွားရန် စီစဉ်ထားသည်။

ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှုကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၁ ရက်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် ကာကွယ်ဆေးတိုက်ကျွေးလှုပ်ရှားမှုကို မတ် ၁၉ ရက်မှ ၂၉ ရက်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မွမ်ဘီရှီရာက ပြောသည်။

**ဆင်ဟွာ**



# ကမ္ဘောဒီးယားဝန်ကြီးချုပ် ပြန်ပေးဆွဲဟန် သတင်းမှားထုတ်လွှင့်မည့် ယူကျူသမားနှစ်ဦးကို နိုင်ငံတော်အားနှောင့်ယှက်ရန် ကြိုးစားသူများဟု ပြောကြား

**ဖနောင်ပင် ဖေဖော်ဝါရီ ၂၀**

ယူကျူသမားနှစ်ဦး ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်ပြီး ၎င်းတို့ကိုယ်တိုင်ဖန်တီးထားသည့် ပြန်ပေးဆွဲရုပ်သံတစ်ခု၌ ပါဝင်ခဲ့သည့်အတွက် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က သတင်းမှားနှင့်ပတ်သက်ပြီး သတိပေးချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

နိုင်ငံတောင်ပိုင်းရှိ တရားရုံးတစ်ခုက ယူကျူသမားနှစ်ဦးကို လွန်ခဲ့သော သီတင်းပတ်က ထောင်ဒဏ် နှစ်နှစ်ချမှတ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၀၀ စီ ပြစ်ဒဏ်ချမှတ်လိုက်သည်။

ဖေဖော်ဝါရီ ၁၄ ရက်က ၎င်းတို့ကိုယ်တိုင်ပါဝင်သည့် ပြန်ပေးဆွဲဟန် ရုပ်သံတစ်ခုကို တိုက်ရိုက်ထုတ်လွှင့်နေစဉ် အာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

တရားရုံးက ၎င်းတို့ကို နိုင်ငံအတွင်းဆူပူမှုကို ဖြစ်စေသည်ဟု ဆိုကာ စွပ်စွဲခဲ့သည်။

ဖေဖော်ဝါရီ ၁၉ ရက်က ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ယူကျူသမားနှစ်ဦးအား ကမ္ဘောဒီးယားနိုင်ငံကို နှောင့်ယှက်ရန် ကြိုးစားသူများဟု ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံမှ လွဲ၍ ၎င်းတို့အလိုရှိရာ အခြားမည်သည့်နေရာမဆို ပုံအတုများ ဖန်တီးဖော်ပြနိုင်ကြောင်း၊ ၎င်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ ဂုဏ်သိက္ခာကို ဆိုးရွားစွာထိခိုက်စေကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ထို့အပြင် အခြား နာမည်ကြီးရန် မဟုတ်မမှန်နည်းဖြင့် ကြိုးစားသူများသည် အလားတူဖြစ်ရပ်နှင့် ရင်ဆိုင်သွားရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က သတိပေး ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာ၌ နကျယ်ကောင်ကိုက်ခံရမှုကြောင့် ကျောင်းသားကလေးငယ် ၇၃ ဦး ဆေးရုံသို့ ပို့ဆောင်ခဲ့ရ

**ကိုလံဘို ဖေဖော်ဝါရီ ၂၀**

သီရိလင်္ကာနိုင်ငံ ဥုံးဗားပြည်နယ်ရှိ ပရက်ဆာအမျိုးသားကျောင်းမှ ကျောင်းသား ကျောင်းသူ ၇၃ ဦး နကျယ်ကောင် (wasp) ကိုက်ခံရမှုကြောင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အခင်းဖြစ်ပွားချိန်တွင် ကျောင်းသား ကျောင်းသူများမှာ ကျောင်းအားကစားကွင်း၌ ရှိနေခဲ့ကြကြောင်း ပရက်ဆာရဲစခန်း တာဝန်ခံအရာရှိ ပီယာရာနာ အီကာနာယာကီက မီဒီယာသို့ ပြောသည်။ ကျောင်းသား ကျောင်းသူများကို ပရက်ဆာဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် ၁၈ ဦးမှာ ဒေသစံတော်ချိန် ညနေ ၄ နာရီမတိုင်မီအထိ ဆေးဝါးကုသမှု ခံယူနေရဆဲဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ထို့အပြင် အဆိုပါဒေသ၌ နကျယ်ကောင် အကိုက်ခံရမှု အဖြစ်များကြောင်း၊ ရဲတပ်ဖွဲ့အနေဖြင့် မကြာခဏဖြစ်ပွားလေ့ရှိသော ဒေသမှ နကျယ်ကောင်များကို ဖယ်ရှားရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများကို ဆက်သွယ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီကာနာယာကီက ပြောသည်။



**ဆင်ဟွာ**

# အင်ဒိုနီးရှားရွေးကောက်ပွဲ၌ ပင်ပန်းနွမ်းနယ်မှုကြောင့် သေဆုံးသွားသည့် မဲရုံအုပ်ချုပ်ရေးမှူးအရေအတွက် ၈၄ ဦးအထိ ရှိလာ

**ဂျကာတာ ဖေဖော်ဝါရီ ၂၀**

ပင်ပန်းနွမ်းနယ်မှုကြောင့် သေဆုံးသွားသည့် ဒေသခံမဲဆန္ဒနယ်အုပ်ချုပ်ရေးမှူးအရေအတွက်သည် ၈၄ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကင်က ဖေဖော်ဝါရီ ၂၀ ရက်က ပြောကြားခဲ့သည်။

လွန်ခဲ့သောဗုဒ္ဓဟူးနေ့မှတနင်္ဂနွေနေ့အထိ အထွေထွေရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကြီးကြပ်ရေးအေဂျင်စီမှ စာရင်းများရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် တစ်ရက်တည်းကျင်းပသည့် သမ္မတနှင့် ဥပဒေပြုရွေးကောက်ပွဲများကို လွန်ခဲ့သော ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သည်။

၂၀၂၄ ရွေးကောက်ပွဲ၌ မဲရုံလုပ်သား ၇၄ ဦး သေဆုံးနှုန်းသည် ၂၀၁၉ ရွေးကောက်ပွဲ၌ မဲရုံလုပ်သား ရာကျော်သေဆုံးနှုန်းထက် လျော့နည်းကြောင်း ကျန်းမာရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# မြန်မာ – ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နိုင်ငံရေးရာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာ–ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား နိုင်ငံရေးရာဆွေးနွေးပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အန်ဒရေး ရူဒန်ကိုတို့ ဦးဆောင်၍ ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြန်မာ – ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ တရားရေး၊ ဥပဒေရေးရာ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ စက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်း၊ ပြန်ကြားရေး၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု စသည့်ကဏ္ဍများ အပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲကို ၂၀၂၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် မြန်မာ–ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ အစီအစဉ် (၂၀၂၂–၂၀၂၄) အရ ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။



ဆွေးနွေးပွဲအပြီးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ Hilton ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**



# ရောဝတီတိုင်းဒေသကြီး (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရောဝတီတိုင်းဒေသကြီးအဆင့် (၇၆) နှစ်မြောက် ချင်းအမျိုးသားနေ့ကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သဝဏ်လွှာဖတ်ကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားပြောကြားကြပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော ချင်းအမျိုးသားနေ့ သဝဏ်လွှာအား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားသည်။ ထို့နောက် တိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ချင်းအမျိုးသားနေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် တိုင်းဒေသကြီး ချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအသင်းက ချင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးကောင်းမြို့နှင့် ပူတာအိုမြို့တို့၌ ပြည်သူ့စစ်မှုထမ်း ဥပဒေအား ကြိုဆိုထောက်ခံပွဲပြုလုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့သော ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ စတင်၍ အာဏာတည်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။**

အဆိုပါ ပြည်သူ့စစ်မှုထမ်းဥပဒေအား ကြိုဆိုထောက်ခံပွဲများကို ယနေ့တွင် ကချင်ပြည်နယ် မိုးကောင်းမြို့ မြို့တော်ခန်းမရှေ့နှင့် ပူတာအိုမြို့ ပန်းလှိုင်ရပ်ကွက် ဘောလုံးကွင်းတို့၌ ပြုလုပ်ကြသည်။

ဦးစွာ သက်ဆိုင်ရာမြို့နယ်များမှ ဒေသခံတိုင်းရင်းသား မျိုးချစ်ပြည်သူများက သတ်မှတ်နေရာအသီးသီး၌စုဝေးကြပြီး ကျင်းပမည့်နေရာအသီးသီးသို့ ချီတက်ထောက်ခံကြသည်။ ချီတက်ရာလမ်းတစ်လျှောက်တွင် ဒေသခံမျိုးချစ်ပြည်သူများက "နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်၊ ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အပြည့်အဝ ထောက်ခံကြိုဆိုပါသည်" စသည့် ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး သတ်မှတ်နေရာအသီးသီးတွင် ပြည်သူ့စစ်မှုထမ်း ဥပဒေအား ကြိုဆိုထောက်ခံပါသည်ဟု တစ်ခဲနက် ဆန္ဒထုတ်ဖော်ပြောခဲ့ပြီး ကြိုဆိုထောက်ခံပွဲကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဆီဆိုင်မြို့မှ စစ်ဘေးရှောင်ပြည်သူများ၏ ကားတန်းကို တပ်မတော်က လက်နက်ကြီး ပစ်ခတ်ခြင်း၊ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ခုနစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့တွင် ယနေ့နံနက်ပိုင်းက စစ်ဘေးရှောင်ပြည်သူများ၏ ကားတန်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း များကြောင့် ပြည်သူ ခုနစ်ဦး သေဆုံးခဲ့ကြောင်းကို ဆီဆိုင်မြို့တွင် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေသည့် PNLA သတင်းရင်းမြစ်မှ ပြောဆိုသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါ သတင်းနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းတွင် လက်နက်ကြီး ပစ်ခတ်ခြင်းနှင့် ဒရုန်းအသုံးပြု တိုက်ခိုက်ခြင်းများမရှိကြောင်း ဆီဆိုင်မြို့တွင် နေထိုင်သူဒေသခံများ၏ ပြောကြားချက်များအရ သိရှိရသည်။

အဆိုပါ ဆီဆိုင်မြို့ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း KNDF၊ PNLA ၊ PDF အကြမ်းဖက်သမားများက နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေး ပူးပေါင်းတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့ပြီး ဆီဆိုင်မြို့နယ်အတွင်း အကြမ်းဖက်လုပ်ရပ်များကို ပေါ်ပေါ်ထင်ထင်လုပ်ဆောင်လျက်ရှိရာ ထိုသို့အကြမ်းဖက်လုပ်ရပ်များကို လက်မခံသည့် ဒေသခံပြည်သူများက ၎င်းတို့၏ လုပ်ရပ်များကို ကန့်ကွက်လျက်ရှိသည့်အတွက် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေကာ ဒေသခံပြည်သူများ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့ (ရှမ်းပြည်နယ် တောင်ပိုင်း)၊ လွိုင်လင်မြို့နှင့် မိုင်းယန်းမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ နှင့် ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

**မိုး/ဇလ**


# အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ (သို့မဟုတ်) "တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ"


ဒေါက်တာ ဝါဝါမောင်


နိဒါန်း

**၂၀၂၅ ခုနှစ်အလွန်တွင် အာဆီယံကို ပိုမိုခိုင်မာ တောင့်တင်းသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရေးနှင့် ပြည်သူ့ဗဟိုပြုအာဆီယံအသိုက်အဝန်းတည်ထောင်နိုင်ရေး ရည်မှန်းချက်ဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ဆိုင်ရာ ဟနွိုင်းကြေညာချက်စာတမ်းကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်စာတမ်းအရ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်နှင့် ဆက်စပ်စာရွက်စာတမ်းများ ထွက်ပေါ်လာရေးနှင့် အဆိုပါမျှော်မှန်းချက်ရေးဆွဲရေးအတွက် အဆင့်မြင့်လုပ်ငန်းအဖွဲ့ တည်ထောင်ရေးတို့အတွက် အာဆီယံပူးပေါင်းညှိနှိုင်းရေး ကောင်စီက ကြီးကြပ်သွားရန် တာဝန်ပေးအပ်ခဲ့ပါသည်။**

ဤသို့ဆောင်ရွက်ရခြင်း၏ အကြောင်းရင်းမှာ လက်ရှိအာဆီယံနိုင်ငံများအတွက် အကောင်အထည်ဖော်ဆောင်နေသည့် အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း လမ်းပြမြေပုံ (ASEAN Political-Security Community Blueprint)၊ အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံ (ASEAN Economic Community Blueprint)၊ အာဆီယံ လူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်း လမ်းပြမြေပုံ (ASEAN Socio-Cultural Community Blueprint) နှင့် အာဆီယံဆက်နွယ်မှု မဟာစီမံကိန်း (Master Plan on ASEAN Connectivity 2025) တို့သည် ၂၀၂၅ ခုနှစ်တွင် ကုန်ဆုံးတော့မည် ဖြစ်ခြင်းကြောင့် ၂၀၂၅ ခုနှစ်အလွန် အာဆီယံအတွက် မျှော်မှန်းချက်ရေးဆွဲခြင်း ဖြစ်ပါသည်။




သို့ပါ၍ ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ တည်ထောင်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ငန်းအစီအစဉ်တို့ကို အတည်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းလမ်းညွှန်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်ထောင်စုဝန်ကြီး(သို့မဟုတ်) ဒုတိယဝန်ကြီး အဆင့်ရှိသည့် ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်(၁) ဦးနှင့် အဆင့်မြင့်အရာရှိကြီးအဆင့်ရှိသည့် အဆင့်မြင့်ကိုယ်စားလှယ် (၁)ဦးစီ ခန့်အပ်ရန်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းပေါင်းစည်းရေးလုပ်ငန်းများအား မိတ်ဝတ်မပျက် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့သို့ မြန်မာနိုင်ငံဆိုင်ရာထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်အဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့တင်ပြ၍ အတည်ပြုခန့်အပ်ဆောင်ရွက်စေခဲ့ပါသည်။

### အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းစဉ်

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အစည်းအဝေးကို ယခုအချိန်အထိ အစည်းအဝေးပေါင်း ၁၂ ကြိမ် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအစည်းအဝေးကို အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားသည့်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်လေ့ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်/ ဒုတိယ အာဆီယံအတွင်းရေးမှူးချုပ်၊ အဆင့်မြင့်ကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဝန်ထမ်းများ ပါဝင်တက်ရောက်လေ့ရှိပါသည်။

### အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက် (သို့မဟုတ်) အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အနေဖြင့် လက်ရှိအာဆီယံအသိုက်အဝန်း မဏ္ဍိုင် (၃) ရပ်၏ လမ်းပြမြေပုံများ အကောင်အထည်ဖော်ဆောင်လျက်ရှိရာတွင် တွေ့ရှိရသည့် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ကာ **"တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး တီထွင်ဆန်းသစ်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ- Resilient, Innovative, Dynamic and People-centred ASEAN"** ဆောင်ပုဒ်ဖြင့် ၂၀၄၅ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်စာတမ်းအား အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၁) ကြိမ်မြောက် အစည်းအဝေး၌ သက်ဆိုင်ရာ အဖွဲ့အစည်း (Stakeholder Institutions) များနှင့် တိုင်ပင်ဆွေးနွေးကာ အပြီးသတ်ရေးဆွဲနိုင်ခဲ့ပါသည်။ အဆိုပါ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်မှာ (၂၀၂၅-၂၀၄၅) ကာလအတွင်း ကာလရှည်နှစ်ပေါင်း ၂၀ အကောင်အထည်ဖော်ဆောင်ရွက်ရန် အကျုံးဝင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ် အလွန် မျှော်မှန်းချက်ကို **အာဆီယံမျှော်မှန်းချက် ၂၀၄၅** ဟု ခေါ်ဝေါ်သုံးစွဲခဲ့ပါသည်။ **အာဆီယံမျှော်မှန်းချက် ၂၀၄၅** ကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သည့် အာဆီယံလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (ACC) အစည်းအဝေး၌ အတည်ပြုခဲ့ပြီး (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုမှတ်တမ်းတင်ခဲ့ပြီး ဖြစ်ပါသည်။

❒ **အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အနေဖြင့် လက်ရှိအာဆီယံအသိုက်အဝန်း မဏ္ဍိုင် (၃) ရပ်၏ လမ်းပြမြေပုံများ အကောင်အထည်ဖော်ဆောင်လျက်ရှိရာတွင် တွေ့ရှိရသည့် အားနည်းချက်၊ အားသာချက်များအပေါ် သုံးသပ်ကာ အပြီးသတ်ရေးဆွဲနိုင်ခဲ့**

ထိပ်သီးအစည်းအဝေးမှ အတည်ပြုပြီးသည့် ၂၀၄၅ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်အတိုင်း ၂၀၂၅ ခုနှစ်မှ ၂၀၄၅ ခုနှစ်အထိ နှစ်ပေါင်း ၂၀ ကာလအတွင်း အကောင်အထည်ဖော်ဆောင်မည့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များအား အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း (APSC)၊ စီးပွားရေးအသိုက်အဝန်း (AEC)၊ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း (ASCC) နှင့် အာဆီယံပေါင်းစပ်ဆက်သွယ်မှု ညှိနှိုင်းရေးကော်မတီ (ACCC) တို့ အကြား ပေါင်းစပ်ညှိနှိုင်းရေးဆွဲရေး လုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါနှစ် ၂၀ ကာလ (၂၀၂၅-၂၀၄၅) အာဆီယံအသိုက်အဝန်း ၂၀၄၅ မျှော်မှန်းချက်တွင် အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်-

(က) အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းဘုရင့်နိုင်ငံ၊ (တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ)၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အား ကိုယ်စားပြုသည့် ကျွန်ုပ်တို့သည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသည့် (၄၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် စုစည်းတွေ့ဆုံကြလျက် ဤအာဆီယံ အသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ကို သဘောတူအတည်ပြုကြခြင်းဖြင့် **"တက်ကြွ၍ ကြံ့ခိုင်ရည်ရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူဗဟိုပြုအာဆီယံ"** အဖြစ် တည်ထောင်နိုင်ရေး ဆောင်ရွက်သွားရန် ထပ်လောင်း၍ သန္နိဋ္ဌာန်ပြုကြပါသည်၊

(ခ) ကျွန်ုပ်တို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စာချုပ် (TAC) နှင့် အခြားသော အာဆီယံဆိုင်ရာ သဘောတူညီချက်များပါ စံနှုန်းများနှင့် အခြေခံမှုများကို လေးစားလိုက်နာခြင်းဖြင့် ဥပဒေစိုးမိုးမှုအပေါ်အခြေခံသော အသိုက်အဝန်းဝင် နိုင်ငံများအဖြစ် ဆက်လက် ရပ်တည်သွားမည်ဖြစ်ပါသည်၊

(ဂ) အာဆီယံအဖွဲ့ကြီး၏ ကြိုးပမ်းအားထုတ်မှုများတွင် အာဆီယံပြည်သူများအား ဗဟိုပြု စဉ်းစားဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ သက်ဆိုင်သူအားလုံး အဓိပ္ပာယ်ပြည့်ဝစွာနှင့် အပြည့်အဝပါဝင်ဆောင်ရွက်ခွင့် ရရှိစေရေးကို အာမခံနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ဃ) ကျွန်ုပ်တို့သည် ဒီမိုကရေစီ စည်းမျဉ်းများကို လေးစားလိုက်နာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ကောင်းမွန်သောစီမံအုပ်ချုပ်မှုစနစ် ထွန်းကားစေရေး၊ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားလိုက်နာစေရေးနှင့် ကာကွယ်မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(င) ကျွန်ုပ်တို့သည် အာဆီယံအဖွဲ့ကြီးအား ကုန်ထုတ်လုပ်မှုနှင့် ဆန်းသစ်တီထွင်မှုအားကောင်းသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးခြင်း၊ တန်ဖိုးကွင်းဆက်တစ်လျှောက်လုံးတွင် ရေရှည်တည်တံ့မှုရှိစေခြင်းနှင့် ကျွမ်းကျင်မှုမြင့်မားပြီး အားလုံးပါဝင်နိုင်သော လုပ်သားအင်အားတို့ဖြင့် တစ်ခုတည်းသော ဈေးကွက်ဖြစ်လာစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

(စ) ကျွန်ုပ်တို့သည် အာဆီယံအနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးအတွက် မောင်းနှင်အား တစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေစေရေး လိုအပ်ချက်ကို အလေးအနက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အာဆီယံ အနေဖြင့် အင်ဒို-ပစိဖိတ် ဒေသတွင်းနှင့် ကမ္ဘာ့ဒေသများတွင် ဖြစ်ပွားနေသည့် ရှုပ်ထွေးနက်နဲသော ပထဝီနိုင်ငံရေးနှင့် လူမှုစီးပွားရေးဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ထိရောက်စွာ တုံ့ပြန်သွားမည် ဖြစ်ပါသည်၊

(ဆ) ကျွန်ုပ်တို့သည် အာဆီယံအား ပိုမိုပေါင်းစည်းဆက်နွှယ်လာသည့် ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုနက်ရှိုင်းသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ဖြစ်ထွန်းလာစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ပြင်ပမိတ်ဖက်များနှင့် ဆက်ဆံရေးတွင် အာဆီယံ၏ ဗဟိုအချက်အချာကျမှု (ASEAN Centrality) ကို ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဇ) ကျွန်ုပ်တို့သည် အားလုံးနှင့်သက်ဆိုင်သော များပြားလှသည့်ကိစ္စရပ်များကို ကိုင်တွယ်ဆောင်ရွက်ရာတွင် ပိုမိုကြံ့ခိုင်သော၊ တီထွင်နိုင်စွမ်းရှိသော၊ တက်ကြွသော၊ လိုက်လျောညီထွေဆောင်ရွက်နိုင်သော၊ တုံ့ပြန်နိုင်စွမ်းရှိသော၊ ပြတ်သားသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် အာဆီယံရှိ အဖွဲ့အစည်းများအား ခိုင်မာအားကောင်းလာစေရေး ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ လုပ်ငန်းစဉ်များကိုလည်း ပြင်ဆင်ချမှတ်သွားမည်ဖြစ်ပါသည်။

**အခွင့်အလမ်းနှင့်စိန်ခေါ်မှုများ**

**(Challenges and Opportunities)**

အဆိုပါ ရည်မှန်းချက်တွင် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများအဖြစ် အောက်ပါတို့ ဖော်ပြပါဝင်ပါသည်–

(က) လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိသည့် ကမ္ဘာ့အခင်းအကျင်းတွင် အာဆီယံနှင့် အာဆီယံပြည်သူများ၏ အနာဂတ် လုံခြုံစေရေးအတွက် ထိရောက်ပြီး ဆန်းသစ်သည့်တုံ့ပြန်မှုများ ဆက်လက်ချမှတ်နိုင်ရန် လိုအပ်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် အောက်ပါဖြစ်စဉ်များမှ ပေါ်ထွက်လာမည့် သက်ရောက်မှုများကို ဂရုပြုသကဲ့သို့ အခွင့်အလမ်းများကို ဖမ်းဆုပ်ရယူနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်–

(၁) တောင်တရုတ်ပင်လယ် အပါအဝင် အင်ဒို-ပစိဖိတ် ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းထားနိုင်ရေး၊ (Maintenance of Peace, Security and Stability in the Indo-Pacific Region Including the South China Sea)

(၂) အင်အားကြီးနိုင်ငံများအကြား အားပြိုင်မှုများ၊ (Major Power Rivalries)

(၃) ဒီဂျစ်တယ်စနစ်သို့အသွင်ကူးပြောင်းခြင်းနှင့် ထိုသို့ပြောင်းလဲမှုကြောင့် အနာဂတ်လုပ်ငန်းများအပေါ် သက်ရောက်နိုင်မှုများ၊ (Digitalization and its Impacts on the Future of Work)

(၄) ဆိုက်ဘာလုံခြုံရေး၊ (Cybersecurity)

(၅) ဉာဏ်ရည်တု၊ (Artificial Intelligence)

(၆) ကိုယ်ကျိုးစီးပွားကာကွယ်မှုများ များပြားလာခြင်းနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အဟန့်အတားများ၊ (Rising Protectionism and Barriers to Trade and Investment)

(၇) ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် ခိုင်မာအားကောင်းစေခြင်း၊ (Supply Chain Resilience)

(၈) အဏ္ဏဝါစီးပွားရေး၊ (Blue Economy)

(၉) စားနပ်ရိက္ခာဖူလုံရေး၊ သောက်သုံးရေလုံလောက်စွာ ရရှိစေရေးနှင့် စွမ်းအင်လုံခြုံရေး၊ (Food, Water and Energy Security)

(၁၀)ဆင်းရဲမှုနှင့် ဖွံ့ဖြိုးမှုကွာဟချက် ကြီးမားလာခြင်း၊ ရန်ပုံငွေရရှိမှု နည်းပါးလာခြင်း၊ (Poverty, Widening Development Gaps and Scarcity of Funding)

(၁၁)သဘာဝဘေးအန္တရာယ်များ၊ (Natural Disasters)

(၁၂) ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးလာခြင်း၊ အစိမ်းရောင်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းခြင်း၊ (Climate Change, Environmental Degradation, Biodiversity Loss and Transition to a Green Economy)

(၁၃) ကပ်ရောဂါ၊ ကူးစက်ရောဂါနှင့် အခြားရောဂါများ၊ (Pandemics, Communicable and Non-Communicable Diseases)

(၁၄) ကမ္ဘာ့လူဦးရေထူထပ်လာခြင်း၊ သက်ကြီးရွယ်အိုများပြားလာခြင်း၊ ရွှေ့ပြောင်းသွားလာမှု များပြားလာခြင်း၊ (Increased World Population, Ageing Societies and Migration)

(၁၅) ထိခိုက်လွယ်ပြီး ဖယ်ကြဉ်ခံရသော အုပ်စုများအား ပါဝင်လာစေခြင်း၊ (Inclusion of Vulnerable and Marginalised groups)

(၁၆) အမျိုးသမီးများနှင့် လူငယ်များ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ (Empowerment of Women and Youth)

(၁၇) အာဆီယံ ပေါင်းစည်းဆက်နွှယ်မှု။ (ASEAN Connectivity)

(ခ) ကျွန်ုပ်တို့သည် အရေးပေါ်နှင့် ထူးခြားသည့် အခြေအနေများတွင် ဆုံးဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ချမှတ်ခြင်း၊ မဏ္ဍိုင်အားလုံး၊ ကဏ္ဍအားလုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ပေါင်းစည်းစွမ်းအားဖြင့် ညီညွတ်စွာ ဖြေရှင်းဆောင်ရွက်ခြင်း၊ ပိုမိုကောင်းမွန်သည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊ အရင်းအမြစ်များ ထိရောက်စွာ ခွဲဝေချထားပေးခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ စွမ်းဆောင်ရည်ပိုမိုအားကောင်းလာစေရေး ဆောင်ရွက်ခြင်း အပါအဝင် အာဆီယံ၏ အဖွဲ့အစည်း ဆိုင်ရာစွမ်းဆောင်ရည်နှင့် ထိရောက် ထက်မြက်စွာ ဆောင်ရွက်နိုင်မှုကို အားကောင်းစေရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ကျွန်ုပ်တို့၏ အနာဂတ်အာဆီယံ (Future ASEAN)**

၂၀၂၅ ခုနှစ်အလွန် အနာဂတ်အာဆီယံအဖြစ် အာဆီယံမဏ္ဍိုင်များနှင့် စပ်လျဉ်းပြီး –

ကျွန်ုပ်တို့သည် ၂၀၄၅ ခုနှစ်အရောက်တွင် တက်ကြွ၍ ကြံ့ခိုင်ရည်ရှိပြီး ဆန်းသစ်တီထွင်နိုင်သော ပြည်သူဗဟိုပြုအာဆီယံ (People Centered ASEAN) အဖြစ် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အင်ဒိုနီးရှားနိုင်ငံ၊ Labuan Bajo တွင် ကျင်းပခဲ့သည့် (၄၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သော အာဆီယံ အသိုက်အဝန်း၏ ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ပါ မဏ္ဍိုင်များအား အခြေခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အာဆီယံအား အင်ဒို-ပစိဖိတ်ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှု၏ ဗဟိုချက်အဖြစ် ဖော်ဆောင်နိုင်ရေးအတွက် မျှော်မှန်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**နိုင်ငံရေးဆိုင်ရာလုံခြုံရေး (Political Security)**

**နိုင်ငံရေးဆိုင်ရာ လုံခြုံရေးနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဖော်ပြပါဝင်ပါသည်–**

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများက သဘောတူလက်ခံထားသည့် အာဆီယံပဋိညာဉ်စာတမ်း၊ **ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့်** နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေအပါအဝင် နိုင်ငံတကာဥပဒေများပါ အခြေခံမှုများအပေါ် အခြေခံသည့် ငြိမ်းချမ်းတည်ငြိမ်ပြီး လုံခြုံမှုရှိသော ဒေသတစ်ခုဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

(ခ) အာဆီယံဦးဆောင်သော ယန္တရားများမှတစ်ဆင့် အာဆီယံ၏ အချက်အချာကျမှုနှင့် အရေးပါမှုကို ထိန်းသိမ်းနိုင်ပြီး ပိုမိုအားကောင်းစေသော၊ နိုင်ငံများအကြား ငြိမ်းချမ်းသောဆက်ဆံရေးကို အစွန့်ရှည် တည်တံ့စေသော၊ မိတ်ဖက်ဆက်ဆံရေး အသစ်များ တည်ထောင်ရာတွင် ဓမ္မဓိဋ္ဌာန်ကျသော၊ အပြန်အလှန်အကျိုးရှိသော ဆက်ဆံရေးကို တည်ဆောက်နိုင်သော အသိုက်အဝန်းတစ်ခုဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(ဂ) ဒေသတွင်းနှင့် ကမ္ဘာ့အရေးကိစ္စများတွင် အာဆီယံ၏ ရပ်တည်ချက်ကို ထင်ဟပ်စေသော အသိုက်အဝန်းတစ်ခု ဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊


(ဃ) ပထဝီနိုင်ငံရေး တင်းမာမှုများနှင့် အားပြိုင်မှုများအကြား စည်းမျဉ်းအခြေပြုနိုင်ငံတကာဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်း ဖော်ဆောင်နိုင်ရေးနှင့် ဒေသတွင်း သွင်ပြင်လက္ခဏာများကို ထင်ဟပ်ပုံဖော်နိုင်ရေး ဆောင်ရွက်နိုင်စွမ်းရှိသည့် အဓိကမောင်းနှင်အား တစ်ခုဖြစ်သော အာဆီယံအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(င) နိုင်ငံတကာဥပဒေနှင့် စည်းမျဉ်းအခြေပြုနိုင်ငံစုံစနစ်ကို ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို အထောက်အကူပြုနိုင်စွမ်းရှိသော အာဆီယံအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်၊

(စ) ငြိမ်းချမ်းသော၊ လွတ်လပ်သော၊ ဘက်လိုက်မှုကင်းသော၊ အဏုမြူလက်နက် ကင်းမဲ့သော၊ အခြားသော အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ ကင်းမဲ့သောဇုန်ဖြစ်သည့် အရှေ့တောင်အာရှဒေသဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

*(ဆက်လက်ဖော်ပြပါမည်)*




**○ (၃၈)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့တည်ထောင်ရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်နှင့် လုပ်ငန်းအစီအစဉ်တို့ကို အတည်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းလမ်းညွှန်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်ထောင်စုဝန်ကြီး (သို့မဟုတ်) ဒုတိယဝန်ကြီးအဆင့်ရှိသည့် ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် (၁) ဦးနှင့် အဆင့်မြင့်အရာရှိကြီးအဆင့်ရှိသည့် အဆင့်မြင့် ကိုယ်စားလှယ် (၁) ဦးစီ ခန့်အပ်ရန်ဖြစ်**

# လေသာကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဘဒ္ဒန္တစန္ဒဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ အောင်သပြေရပ်ကွက် လေသာကျောင်းတိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ဘဒ္ဒန္တစန္ဒဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) သက်တော် (၉၅)နှစ်၊ သိက္ခာ (၇၅) ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်၊ (၁၈-၂-၂၀၂၄)ရက်၊ တနင်္ဂနွေနေ့ ည ၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ အောင်သပြေရပ်ကွက် လေသာကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တစန္ဒဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်း မြို့နယ်၊ အင်ပင်သာကျေးရွာ၊ ခမည်းတော် ဦးမြင့်+မယ်တော် ဒေါ်ရွှေကုံးတို့မှ ၁၂၉၁-နှစ်၊ သီတင်းကျွတ်လဆန်း (၁၃)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ်တွင် အင်ပင်သာကျောင်း ဆရာတော် ဘဒ္ဒန္တ ဒီပကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် (၅)ရက်နေ့တွင် ကောလင်းမြို့နယ်၊ ကံလယ်ကြီးကျောင်း ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တဒေဝိန္ဒကို ဥပဇ္ဈာယ်ပြု၍ ကောလင်းမြို့၊ ဗိုလ်တဲရပ်၊ ဦးဘိုးနီ၊ ဒေါ်မမလေး၊ ကံလယ်ကြီးရွာ၊ ဦးသိန်း၊ ဒေါ်လှိုင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် အင်ပင်သာကျောင်းဆရာတော် ဘဒ္ဒန္တဒီပ၊ ကောလင်းမြို့၊ မဟာဒေဝိန္ဒာရာမ ရှမ်းကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ၊ ရွှေဘိုမြို့၊ မဟာဘုံစံကျောင်းတိုက် ဆရာတော်၊ မန္တလေးမြို့၊ ဘုရားကြီးတိုက်၊ ရတနာမဥ္ဇူကျောင်းဆရာတော် စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**


ဆရာတော်သည် ရန်ကုန်မြို့၊ ဘုရားကြီးတိုက်၊ ကောလင်းမြို့၊ လေသာကျောင်း ပရိယတ္တိစာသင်တိုက်တို့၌ စာပေပရိယတ်များကို သင်ကြားပို့ချတော်မူခဲ့ပြီး ပထမအကြိမ်၊ မြို့နယ်/တိုင်း ဝိနည်းဓိုရ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်၌ မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ စတုတ္ထအကြိမ်၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထန္တရဗာဟုသစ္စဂုဏ်၊ ဗဟုဇနဟိတသုခါဝဟဂုဏ်၊ ဂန္ထရစနာဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၀၀ ပြည့်နှစ်တွင် **“အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၅) နှစ်၊ သိက္ခာ(၇၅)ဝါအရ ၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း (၉)ရက်၊ (၁၈-၂-၂၀၂၄)ရက်၊ တနင်္ဂနွေနေ့ (၂၀:၀၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။



# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ္မတီးမြို့ ကံလှကျေးရွာ ရေအေးချောင်းတံတားအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ၁၀၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောက်ဒဂုံမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်မှူးဗထူးလမ်းထောင့်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) နှင့် သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းနှင့် မစိုးရိမ်လမ်းသွယ်ကြား၌ လိုင်စင်မဲ့ Honda CRV မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၈ ရက်တွင် တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ သာယာဝတီခရိုင်နှင့် နတ္တလင်းခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၉ ဒသမ ၃၈၈ တန်၊ သစ်မာ ၀ ဒသမ ၆၄၆ တန်နှင့် အခြားသစ် ၀ ဒသမ ၈၃၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၀၉၅၄)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဖေဖော်ဝါရီ ၁၉ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Vaseline Lotionဘူး ၁၆၈၀၊ Bo Bo ကြက်သားလုံး ၅၂၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၇၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Bus တစ်စီးနှင့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဝေါမြို့နယ် အဗျားဘိုတဲကျေးရွာအနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Lactasoy ပဲနို့ ဘူး ၁၁၄၀၀၊ Siam Food Butter Cracker ဘူး ၈၄၀ အပါအဝင် ကုန်ပစ္စည်း ၁၁ မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီးနှင့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၅၉၄၉၅၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ လေးမှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၀၉၄၉၅၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ငွေကျပ် ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ငွေကျပ် ၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီးတွင် ဒိုက်ဦးမှ ဘားအံသို့ ခိုင်ဇော်ထွန်း မောင်းနှင်ပြီး နိုင်ဇော်နှင့် နန္ဒထွန်းတို့ လိုက်ပါလာသည့် **Hyundai Mini Bus** မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၃ ဘီလီယံတန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၄ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ခိုင်းသူ **ဇော်မျိုးနိုင်(ခ) ဒညင်း**ကို ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာရှိ ၎င်း၏ နေအိမ်တွင် **Hyundai Grace** မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ် ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ကရင်ပြည်နယ်သို့ ဆက်လက်သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကွမ်းယင်စီ တရုတ်ဘုရားကျောင်း မီးဘေးလုံခြုံရေးအတွက် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂၀ ရက်က စစ်ဆေးစဉ်။ စိုးသီဟ (အမရ)



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေး- ဒေါ်နီလာနှင့် ဒေါက်တာ ဇော်မျိုးဆွေ- ဒေါ်ဆုမြတ်သံလွင်အောင် မိသားစုတို့က ဖေဖော်ဝါရီ ၂၀ ရက်က အရေးပေါ်မီးငြိမ်းသတ်ရေးအတွက် အပေါ့စားမီးသတ်စက်ကို ရိပ်သာအမှုဆောင်ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ အာကာလင်း

## ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည်

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲများ ဖိတ်ခေါ်ယှဉ်ပြိုင်ခဲ့ရာ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံပြိုင်ပွဲသို့ ပြိုင်ပွဲဝင်များမှ ဝတ္ထုတို (၄၇)ပုဒ်၊ ဆောင်းပါး (၇၅)ပုဒ်၊ ကဗျာ(၅၈)ပုဒ်နှင့် ဓာတ်ပုံ (၃၉၅)ပုံတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲဝင်များ၏ **ဆောင်းပါး** ပြိုင်ပွဲတွင် **ရောမောင်** က "တစ်မျိုးသားလုံးသက်ရှည် ကျန်းမာကြံ့ခိုင်ရေးမှသည် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးနှင့် လူငယ်လူရွယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအလေးထား ဖော်ဆောင်ရေးသို့"ဖြင့် **ပထမ၊ ရဲလွင်အောင်(စီ/သု)**က "ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်အားမာန်ဖြင့် အမျိုးသားအားကစား အဆင့်မြင့်မားရေး" ဖြင့် **ဒုတိယ၊ ရန်နိုင်(အား/ကာ)** က "တစ်မျိုးသားလုံးသက်ရှည်ကျန်းမာ ကြံ့ခိုင်ရေးမှသည် လူငယ်ကဏ္ဍမြှင့်တင်ခြင်းနှင့်အတူ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးဆီသို့"ဖြင့် **တတိယ၊ ရွှေခေတ်လူမှူးအောင်၊ မောင်ကျော်ဇော (ရှင်မတောင်နံ့သာမြေ)**တို့က **နှစ်သိမ့်ဆု၊ ဝတ္ထုတို** ပြိုင်ပွဲတွင် **ရန့်ချို(ဟသ်ာတ)** က "ရွက်ပုန်းသီး " ဖြင့် **ပထမ၊ ထွေးမ(ဟသ်ာတ)** က "လှမ်းစို့တူညီ ရွှေခေတ်ဆီသို့" ဖြင့် **ဒုတိယ၊ ရဲရဲထွန်း(ဟသ်ာတ)** က "ရွှေခြေထောက်" ဖြင့် **တတိယ၊ သန်းလွင်(ရောမြေ) ရှင်းသန့်ချို၊ ကိုတူး(သာယာမြိုင်)**တို့က **နှစ်သိမ့်ဆု၊ ကဗျာ** ပြိုင်ပွဲတွင် **မနောဖြူ** က "မြန်မာ့အားကစားမှ သည် ကမ္ဘာ့အားကစားဆီသို့" ဖြင့် **ပထမ၊ သက်ဝေမှူး** က "သက်ရှည်ကျန်းမာတို့ပြည်သူ အားကစားနှင့် သမိုင်းထူ"ဖြင့် **ဒုတိယ၊ မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**က "ခေတ်မီပြည်သစ်ပန်းတိုင်သို့ အားကစားစွမ်းဖြင့်လှမ်းချီစို့"ဖြင့် **တတိယ၊ စွမ်းဝေ (ဇီးကုန်း)၊ မေမြတ်သူ၊ ရဲမွန်ကျော်** တို့က **နှစ်သိမ့်ဆု၊ ဓာတ်ပုံပြိုင်ပွဲတွင် သန်းနိုင်ဦး** က **ပထမ၊ ထက်သူ(ရွှေကျောင်းကြီး)**က **ဒုတိယ၊ ဦးအောင်မြတ်မင်း** က **တတိယ၊ အေးလွင်ဦး(မင်းလွင်ဦးမောင်)** က **နှစ်သိမ့်ဆု(၁)၊ မိုးဟိန်းထွန်း(မွန်ဆွန်း-မန္တလေးနေ့စဉ် MCDC)** က **နှစ်သိမ့်ဆု(၂)၊ အောင်နိုင်ဝင်း** က **နှစ်သိမ့်ဆု(၃)**နှင့် အထူးဆုများအဖြစ် **ဦးသန်းနိုင်ဦး (သန်းနိုင်ဦး၊ ငဖဲ)၊ ဦးစည်သူအောင် (နန်းတော်ရှေ့)၊ ဦးရဲလင်းထွန်း(လှသရဖူ)၊ အောင်မျိုးထွန်း (ရွှေပြည်သစ်)၊ အောင်နိုင်ဝင်း၊ အောင်ကောင်းခန့်၊ ဦးအောင်ကျော်ထွန်း(အောင်ကျော်မင်း)၊ အောင်မင်းဦး(MCDC)** တို့က အသီးသီး ဆွတ်ခူးရရှိခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားအား ၂၀၂၄ခုနှစ်၊ မတ်လအတွင်း အားကစားနှင့်ကာယပညာဦးစီးဌာန နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါ၍ ဆုပေးပွဲကျင်းပမည့်ရက်အား ဆုရရှိသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၃၃၄၊ ၀၆၇-၈၁၀၄၃၃၅၊ ၀၉-၂၀၀၂၁၉၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ရုရှားနိုင်ငံ၌ နိုင်ငံတကာဂိမ်းပေါင်းစုံပြိုင်ပွဲ၏ MLBB ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်မည်

ရုရှားနိုင်ငံ ကာဇန်မြို့၌ Games of the Future 2024 နိုင်ငံတကာဂိမ်းပေါင်းစုံပြိုင်ပွဲ၏ မိုဘိုင်းလက်ဂျန့်စ် ဘန်းဘန်း (MLBB) ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နာမည်ကြီး Burmese Ghouls ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၂ ရက်အထိ ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆုကြေးအနေဖြင့် ပထမဆုရရှိသည့်အသင်းကို အမေရိကန်ဒေါ်လာ ၃၅၀၀၀၀၊ ဒုတိယဆုကို ဒေါ်လာ ၁၆၀၀၀၀၊ တတိယဆုကို ဒေါ်လာ ၁၂၀၀၀၀၊ စတုတ္ထဆုကို ဒေါ်လာ ၇၀၀၀၀ ပေးအပ်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အသင်းပေါင်း ၁၆ သင်းပါဝင်ကာ လေးသင်း လေးအုပ်စုခွဲပြီး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာအသင်းဖြစ်သည့် Burmese Ghouls မှာ အုပ်စု (က) ၌ ရုရှားမှ Deus Vult အသင်း၊ အင်ဒိုနီးရှားမှ RRQ Hoshi အသင်း၊ မွန်ဂိုလီးယားမှ Team Lilgun အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ Burmese Ghouls အသင်းသည် မိုဘိုင်း လက်ဂျန့်စ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင် ရုရှားမှ Deus Vult အသင်းနှင့် ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ **လင်းလက်ကြယ်**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ (၂၃-၂-၂၀၂၄)ရက် (သောကြာနေ့)ညတွင် **"တောင်သူလယ်သမားနေ့"**ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ပြင်ပအဆိုရှင်များနှင့် ဌာနအဆိုရှင်များ စုပေါင်းသီဆိုမည့် **"ကျေးလက်ရနံ့"** ပွဲစဉ်(၂) တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါ တေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၃-၂-၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ကျေးလက်ရနံ့" ပွဲစဉ်(၂) တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဆံရစ်ဝိုင်း | ပြင်ပအဆိုရှင် |
| ၂။ | ပျိုးနဲ့မေ | ပြင်ပအဆိုရှင် |
| ၃။ | ဘွန္တော | ဌာနအဆိုရှင် |
| ၄။ | ယာတောသူ | ပြင်ပအဆိုရှင် |
| ၅။ | ဖွေးတုတ် | ပြင်ပအဆိုရှင် |
| ၆။ | ပျို့မောင်ဖုန်း | ပြင်ပအဆိုရှင် |
| ၇။ | မောင်လေးမမရွာအပြန် | ပြင်ပအဆိုရှင် |
| ၈။ | ငါးမည်ရပြည်ရွှေဘို | ပြင်ပအဆိုရှင် |
| ၉။ | ယောသူတို့ရွာ | ပြင်ပအဆိုရှင် |
| ၁၀ | ချစ်အာရုံ | ပြင်ပအဆိုရှင် |


## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ လူနေရပ်ကွက်(ရွှေအင်ကြင်းရပ်ကွက်)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ ရွှေအင်ကြင်းအနောက်ရပ်)၊မြေရေိယာ ၀ ဒသမ ၁၄၆ ဧကရှိ ပေ(၈၀X၈၀)၊မြေကွက်အမှတ် (ဒ-၃၃၀၄၅)၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မူရင်းပျောက်ဆုံးသဖြင့် မြေကွက်အမည်ပေါက်သူ ဦးဘိုလေး(ဘ)ဦးဘစံ ၉/ဝတန(နိုင်)၁၁၅၂၈၁ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၄၇၂/၂၀၂၂)၊(၁-၁၂-၂၀၂၂)ရရှိထားသူ ဦးစောလှခိုင်(ဘ)ဦးမင်းထိန် ၉/မလမ(နိုင်)၀၅၀၆၃၈ မှ မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိသဖြင့် မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူမှန်အား ထုတ်ပေးမည်ဖြစ်သဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ (၃-၂-၂၀၁၁)ရက်စွဲပါစာအမှတ် ၂၀၅၈/ဒက္ခိဏ ဖြင့် ထုတ်ပေးခဲ့သည့် ဦးဘိုလေး အမည်ပေါက် မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း)ကို ဤဌာနအနေဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးကြင်ဖုန်းနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၄)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ ၀.၀၅၅၁ဧက အကျယ်အဝန်းရှိ မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးကြင်ဖုန်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးမြဝင်းကိုထံမှ ကျွန်တော် ဦးဘောက်လာမှ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ အရောင်းအဝယ် ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဂရန်သက်တမ်း မကုန်ဆုံးခင်အချိန်အထိ ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ ၂၉-၂-၂၀၂၄ရက် နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးကြင်ဖုန်း နှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးဘောက်လာ**
**အကွက်(ပပ-၄)၊(ဈ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၉၆၄၀၂၅၂၆၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃ဘီ၁)၊ မြေကွက်အမှတ်(၄၃၈ ဒီ-၂/၂)၊ ဧရိယာအကျယ်အဝန်း ၀ ဒသမ ၂၆၈ ဧကရှိ ဦးတင်ဆောင် အမည်ပေါက် မြေပိုင်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ဆောင် ၁၂/တမန(နိုင်)၀၀၅၇၃၀ မှ ၎င်း၏ကိုတ္တိမသမီးဖြစ်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုစံ(ခ)ဒေါ်နုနုကြည် ၁၂/တမန(နိုင်)၁၂၆၉၈၅ သို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုပေးကမ်းမည်ဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် သော်လည်းကောင်း၊ အမွေစားအမွေခံဖြစ်သော အထောက်အထား(မူရင်း)များဖြင့်သော်လည်းကောင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကိုကိုရဲလွင် — အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၂)
ဦးကျော်စွာလင်း — အထက်တန်းရှေ့နေ(စဉ်-၄၅၆၁၃)
အမှတ်(၄၇၄/က)၊ အောင်သပြေ(၁)လမ်း၊ ကြီးပွားရေးရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၉၆၉၉၈၅၉၇၄

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၆၈၄၊ ဦးပိုင်အမှတ် (၅၅)၊ ၃၆လမ်း၊ ၇၃ C လမ်းထောင့်ရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးကိုလေး၊ ဒေါ်တင်ညွှန့်တို့အနက်၊ ဦးကိုလေးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၂၇၈၃/၂၀၁၉)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်တင်ညွှန့် ၉/မရတ(နိုင်)၀၇၅၄၀၅၈ (ဦးပိုင် ၅၅-ခ ၏ မြောက်ဘက်ခြမ်း)အား ဦးပိုင်ခွဲ မိန့်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေ ရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ သိန်းတစ်ရာလမ်း၊ အမှတ်(၁၅၈၈-ခ)နေ ဖခင် ဦးမင်းမင်း ၁၂/သဃက(နိုင်)၀၉၂၉၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏သမီးဖြစ်သူ မဝင်းသန္တာ ၁၂/ဒဂတ(နိုင်)၀၃၉၈၂၄ သည် ဖခင်ဖြစ်သူ၏ ဆုံးမမှုကို လိုက်နာခြင်းမရှိသည့်အပြင် ဖခင်ဖြစ်သူ ကိုယ်စိတ်နှစ်ပါး ညှိုးနွမ်းစေခြင်း၊ မိသားစုဂုဏ်သိက္ခာကျဆင်းစေရန် ပြုလုပ်ခဲ့ပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေမျိုးကြည်
LLB, CBL, DBL, DIL
အထက်တန်းရှေ့နေ စဉ်-၃၃၂၈၆/၂၀၁၀
အမှတ်(၃၂၅)၊ ခေမာ(၁)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၄၇၇၆၇၁


## မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့် ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင် အဆင့်ပြိုင်ပွဲ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း (တည်းကုန်း) ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲ ဒုတိယနေ့အပြီး ဝါသနာရှင်ဆင့် ပြိုင်ပွဲတွင် ဇော်ဇော်ထွန်းနှင့် ချစ်ရင်ထူးတို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၇ ချက်စီဖြင့် ပူးတွဲဦးဆောင်နေပြီး ကောင်းထိုက်ဇော်က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၉ ချက်ဖြင့် နောက်မှလိုက်နေသည်။ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ ပထမနေ့အပြီးတွင် ပြုံးပြုံးထွေးက ၇၈ ချက်ဖြင့် ပထမ၊ ချိုသာအောင်က ၈၀ ချက်ဖြင့် ဒုတိယ၊ ခိုင်ဇင်အောင်က ၈၂ ချက်ဖြင့် တတိယတွင် ရပ်တည်လျက်ရှိသည်။

ဝါသနာရှင်အဆင့်ပြိုင်ပွဲ တတိယနေ့နှင့် သက်ကြီးတန်း (အသက် ၅၅ နှစ်အထက်) ပြိုင်ပွဲပထမနေ့ကို ဖေဖော်ဝါရီ ၂၁ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကိုညီလေး**



ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ပူးတွဲဦးဆောင်နေသည့် ဇော်ဇော်ထွန်း။ MGF

သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး




## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်း၊ ရတနာအိမ်ရာတွင် တည်ဆောက်ထားသည့် တိုက်၏ တိုက်အမှတ်(D)၊ အခန်းအမှတ်(၅၀၂)၊ အကျယ်အဝန်း(၁၆၈၀)စတုရန်းပေရှိ ဓာတ်လှေကားပါ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်လျက်ရှိသည့် ပစ္စည်းများနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန (အဆောက်အအုံ) တွင် ဦးကျော်မင်း (၁၂/မဂဒ(နိုင်)၀၄၂၆၀၉)၏ အမည်ဖြင့် မှတ်သားတည်ရှိသည့် တိုက်ခန်းဖြစ်ပြီး ဖော်ပြပါရောင်းချသော တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို ၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာ(LL.B) အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)
အခန်းအမှတ်(308)၊ Office Tower (3),Time City,
ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ အလယ်ကျွန်းရပ်ကွက်၊ အကွက်အမှတ်(၂၄-ခ)၊ အကွက်အမည်-အလယ်ကျွန်းကွင်း၊ ဦးပိုင်အမှတ်(ဃ/၄+င/၁၄)၊ ဧရိယာ(၀ ဒသမ ၀၅၃)ဧကကို ဘိုးဘပိုင် အမည်ပြောင်းရန် ဒေါ်ရှုဝေမှ လျှောက်ထားလာသည့်အတွက် ယင်းအမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ မတ်လ ၁၃ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြိတ်မြို့

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ဇီးခုံကျေးရွာအုပ်စု၊ အင်းတပေါင်း ကျေးရွာနေ ဦးလှထွန်း၏သမီး မငြိမ်းငြိမ်းဆွေ ၅/မလန (နိုင်) ၀၃၃၃၁၇၏ မွေးသက္ကရာဇ်အမှန်မှာ (၉-၄-၁၉၈၉) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် သကမ-၁၇/၃၄၊ ဗိုလ်တေဇလမ်း၊ အမှတ် (၉၃၂/ခ)ဟုခေါ်တွင်သော အလျား(၂၀)ပေ x အနံ(၆၀)ပေရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးအေးသန်း(PDG-၁၆၃၈၅၃)အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး ယခုရောင်းချပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်တင်ဇာဝင်းပြည့် (၁၄/ဗပန(နိုင်)၂၆၈၉၃၄)ထံမှ အပြီးအပိုင်ဝယ်ယူ၍ ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း နောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးရဲဝင့်နောင်(LL.B)၊ အထက်တန်းရှေ့နေ(စဉ်- ၄၁၀၂၇)
အမှတ်-၁၇၁၊ အမက(၇)ကျောင်းလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊
အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၅၀၇၁၄၃၁

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/73626, Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဦး ၁၄/ဖပန(နိုင်)၁၃၀၆၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ဖျာပုံမြို့)

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့**
**မြန်မာ့အလင်းသတင်းစာတွင်ကြော်ငြာစို့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ အမက (အင်းနက်) Grade-11မှ မောင်ရှင်းသန့်အောင်၏ ဖခင်အမည် မှန်မှာ ဦးကျော်စွာဟိန်း ၅/ခဥတ(နိုင်)၁၂၂၄၃၀ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက (၄)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် KG မှ (ဘ) ဦးဖြိုးမင်းသူ၏သား မောင်ဇွဲဝေယံထက်အား ယနေ့မှစ၍ မောင်သာထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်သာထက်အောင်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၉၀၁၊မြေကွက်တည်နေရာ အမှတ် ၉၀၁၊ အင်ကြင်းလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးကျော်သိန်း AD-030202 အမည်ပေါက်ပါမစ်မြေအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသော(၇-၅-၁၉၉၀) ရက်စွဲပါ မြေချပါမစ်အမည်ပေါက် ဦးကျော်သိန်း AD-030202၊ ၁၂/အလန(နိုင်) ၀၃၇၈၄၁ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၂၀/၂၀၂၂(၆-၉-၂၀၂၂) ဖြင့် ရသူ ဒေါ်ဇင်မာလွင် ၁၂/ဒဂမ(နိုင်)၀၁၃၈၂၉ မှ မြေချပါမစ်၊ ၁၆-၇-၂၀၂၃ ရက်စွဲပါ မြန်မာ့စီးပွားရေးဘဏ် ငွေသွင်းချလန်၊ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ မြေချပါမစ်နှင့် နှစ်(၆၀) မြေငှားစာချုပ်ဂရန် လဲလှယ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်သည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၀)၊ ထောင်လယ် အကွက်၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ(၀.၀၅၃)ဧကရှိ ဒေါ်စိန်ရီ၊ ဒေါ်စိန်တင်၊ ဒေါ်စိန်ရှင် အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ (B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဥမ္မာဒန္တီလမ်း၊ အမှတ်(၂၉)နေ ဦးသက်လွင်၊ ဒေါ်စန်းစန်းဝေတို့မှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် ၅၁၇/က၊ ဦးပိုင်အမှတ် ၁၂-က/၈၁ x ၈၂ ကြား၊ ၄၁ x ၄၂ လမ်းကြားရှိ ဒေါ်ခင်မမ အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၆၅၃/၂၀၁၃)ဖြင့် အမွေဆက်ခံခဲ့ကြသော ဒေါ်ကေးကေးမြင့်၊ ဦးညီညီအောင်၊ ဦးဇွန်ကိုလတ်တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၄၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချိုချိုမော် ၁၃/တကန(နိုင်)၁၁၄၀၅၆ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၃၈၆၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်နှင်းရီ ၁၃/နဆန(နိုင်)၀၂၃၅၆၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆို ရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့၊ ကျွဲရိုင်းပြင်ကျေးရွာနေ ဖခင်ဦးမြဒွေး ၇/ရတရ(နိုင်)၀၂၇၇၈၅၊ မိခင် ဒေါ်မိမ ၇/ရတရ(နိုင်)၁၀၈၅၂၀ တို့၏သား မောင်လျှမ်းထက် ၇/ရတရ(နိုင်)၁၇၆၀၄၅ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စများကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးမြဒွေး၊ ဒေါ်မိမ

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/53947, Kamax-110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော် ၁၄/ဇလန(နိုင်) ၁၁၉၂၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ဟသ်ာတ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/7861,MAW SHWE PYI L/T(MSP-01), PICKUP (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်လှိုင် ၈/ပခက(နိုင်)၂၀၄၃၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ပခုက္ကူ)

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ်(၂၅-ခ)၊ အကွက်အမည်-နောက်လယ်ကွင်း၊ ဦးပိုင်အမှတ်(ဇ/၄)၊ ဧရိယာ(၀ ဒသမ ၀၂၈)ဧကကို ဘိုးဘပိုင် အမည်ပြောင်းရန် မြိတ်မြို့၊ နောက်လယ်ရပ်ကွက်နေ ဒေါ်ကြည်အေးမှ လျှောက်ထားလာသည့်အတွက် ယင်းအမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ မတ်လ ၁၃ ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြိတ်မြို့**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
## ကမာရွတ်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၇

**ကွယ်လွန်သူ ဒေါ်ယု(ခ)ဒေါ်ရှသ်(ခ)ဒေါ်ရှသ်အေး၏**
**ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၁၉)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ယု(ခ)ဒေါ်ရှသ်(ခ) ဒေါ်ရှသ်အေး၏ သေတမ်းစာအတည်ပြုသည့်လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်စန်းဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ယု(ခ)ဒေါ်ရှသ်(ခ)ဒေါ်ရှသ်အေး ၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်စန်းဝင်း၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မင်းထွဋ်)
ခရိုင်တရားသူကြီး
ကမာရွတ်ခရိုင်တရားရုံး

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အထက (စီတာပူ) GRADE-11 မှ မထွယ်ဆန်နူး၏ ဖခင်အမည်မှန်မှာ ဦးဇော်နန် (၁/မမန(နိုင်)၀၁၄၀၅၈ ဖြစ်ပါကြောင်း။

ဦးဇော်နန်၊ မိုးမောက်မြို့

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အမက ထီဖောင်း(တောင်)မှ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီမင်းခိုင် (ခ) မကေသီခိုင် ၉/ညဥန(နိုင်)၁၂၉၀၂၄မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေါ်နုနုအောင် ၁၃/တကန(နိုင်) ၁၄၃၄၁၃၏ ဖခင်အမည်မှန်မှာ ဦးတင်လစ်၊ ဦးကြည်လင်း၊ ဦးတင်လစ်(ခ)ဦးကြည်လင်းဟု အမည်(၂)မျိုးကွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်နေ ဦးလီဝမ်ဟို ၏သမီး မကျင်စင် ၁၃/တကန(နိုင်) ၀၀၃၆၄၇ ၏ နိုင်ငံကူးလက်မှတ် အမှတ် (636790)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၄၀၃၄၇၇

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နေ ဒေါ်ကလျာရွှေစင် (ဘ) ဦးမောင်မောင်ဇော် (၁၂/သကတ(နိုင်) ၂၀၅၇၈၈)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဒေါ်ကလျာရွှေစင်၏ လူမှုကွန်ရက် Face Book စာမျက်နှာ (Messenger)တွင် အကောင့်တုများဖြင့် ဝင်ရောက်ပြီး ကျွန်ုပ်မိတ်ဆွေ ဒေါ်ကလျာရွှေစင်အား စိတ်အနှောင့်အယှက်ဖြစ်စေရန် ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန် ပြောဆိုရေးသားခြင်းများ ရှိနေသောကြောင့်၊ ထိုသို့ထပ်မံပြောဆိုရေးသားခြင်းများ ပြုလုပ်သူ မည်သူတစ်ဦးတစ်ယောက်ကိုမဆို ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုစုလှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၂၄)
ဝေါလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ဘုရားကြီးမြို့။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အကွက်အမှတ် (၅၉၄)၊ ဦးပိုင်အမှတ် ၁၂၄-က(ခဲစင်း)၊ ရန်ကုန်-မန္တလေးကားလမ်းအရှေ့ဘက် တံခွန်တိုင် မီးပွိုင့်အနီးရှိ တောဂရန် မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးခင်မောင်မြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၀၅၄/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်မြရွှေ ၉/ အမရ(နိုင်) ၀၅၈၈၈၀က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၇၂၆၅/၂၀၂၃-၂၀၂၄ ဖြင့် တောမှ မြို့ပြောင်း/ သက်တမ်းတိုး/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ အကွက်အမှတ် ၈၅၅၊ ဦးပိုင်အမှတ် ၆၏ မြောက်ဘက်ခြမ်းခဲစင်း၊ ဦးပွားဂုံးကျော် အရှေ့ဘက်ဆင်း၊ ချမ်းမြသီတာလမ်းသွယ်၊ ရန်-မန်းလမ်းနှင့် ၈၂ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သေးတာကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၂၀၃၁/၂၀၀၆)ဖြင့် ဒေါ်သိန်းတင်၊ ဒေါ်တင်ကြည်တို့က ပိုင်ဆိုင်ခဲ့ပြီး၊ အမွေဆက်ခံစာချုပ်အမှတ် (၂၈၆၉/၂၀၀၈)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်တင်ကြည် ၉/မရတ (နိုင်)၀၈၂၁၂၃ က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀

ဒေါ်ခင်မြဝေ(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်သဲနုဆွေ) **နှင့်** ဦးသန်းညွန့်

**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်-၂၂၅(က)၊ ပတ္တမြားလမ်း၊ (၄)ရပ်ကွက်နေ တရားပြိုင် ဦးသန်းညွန့် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်း အဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်( ၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေး သားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ် ဃ-၃၊ ဦးပိုင်အမှတ် (၁၆၄-ခ)၊ စိန်ပန်းနှင့် အောင်မင်္ဂလာကြား၊ ၆၂ x ၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်လေး ၅/ရဥန(နိုင်)၀၅၄၁၆၁ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၅၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းစိန်မြ ၅/ဟမလ(နိုင်)၀၅၇၇၀၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အ ရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြု ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ် ဆ-၃၊ ဦးပိုင်အမှတ်(၇၄-ခ)/၆၉.B လမ်း၊ ၁၀၇ x ၁၀၈ လမ်းကြားရှိ ဂရန် မြေကွက် အမည်ပေါက်သူ ဦးအောင်အောင် ၉/မရတ(နိုင်) ၁၂၇၆၅၄ ၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ်(၈၇၄၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်စန်း ၉/တသန(နိုင်)၀၀၃၄၉၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံ တင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် အမှတ် ဘဘ-၁၄၊ ဦးပိုင်အမှတ်(၅၆)/၅၁လမ်း၊ ၁၁၄ x ၁၁၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မာဝေ ၉/မရမ(နိုင်)၀၂၃၁၉၄ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၈၉၂/၂၀၁၄ )ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိန်ဝင်း(ခ)ဦးအုံးဘာဒူး ၉/မကန(နိုင်)၀၃၆၀၀၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၈၄)၊ ဈေးအကွက်၊ ဦးပိုင်အမှတ် (၁၅၀/က)၊ ဧရိယာ (၀.၀၁၉) ဧက၊ ဦးပိုင်အမှတ် (၁၅၀/ခ)၊ ဧရိယာ (၀.၀၁၈)ဧကရှိ ဦးသက်နိုင် အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ (B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေနုလမ်း၊ အမှတ်(၃၉)နေ ချောင်ရန်(ခ) ဦးလှမြင့်သိန်းမှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထား လာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက အကျိုးအကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက် လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်း အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပုသိမ်မြို့**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေပုဒ်မ-၁၁၅)
## ရှမ်းပြည်နယ်တရားလွှတ်တော်
## ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၁၅၂

ဒေါ်နန်းစံခဲ **နှင့်** ၁။ ဦးခွန်စိုးဝင်း
၂။ ဦးညီညီလေး
၃။ ဒေါ်ခင်လေးနွယ်
၄။ ဦးမောင်ဦး

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့စွဲပါ တောင်ကြီးခရိုင် တရားရုံး၊ ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၀ ၏ စီရင်ချက်နှင့် ထုံးပုံကျ အပြီးသတ် အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူအမှတ် (၂) ဦးညီညီလေး၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့ (ယခင်လိပ်စာ) (ယခု လိပ်စာမသိ)၊ အမှတ်(၃)ဒေါ်ခင်လေးနွယ်၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့ (ယခင်လိပ်စာ) (ယခုလိပ်စာမသိ) နေ သိစေရမည်။

ဤအမှုတွင် တောင်ကြီးခရိုင် တရားရုံး၏စီရင်ချက်နှင့် ထုံးပုံကျ အပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်နွယ်နွယ်ကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှု လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (၁၃၈၅ ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၄ ရက်နေ့) နံနက် (၁၀)နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက် ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ် လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးစန္ဒီအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၅ ရပ်ကွက်၊ အကွက်အမှတ် က-၈၊ ဦးပိုင်အမှတ် (၁/၁၂)၊ ၇၂ x ၇၃ ကြား၊ စိန်ပန်းလမ်းနှင့် မန္တလေး-လားရှိုး သံလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဘိန်ဟင်း(ခ)ခွေးလေး ၁၂/လသန (နိုင်)၀၀၃၁၀၆ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၀၀၇/၂၀၂၂)ဖြင့် လွှဲအပ် ခြင်းခံရသူ ဒေါ်မေရင်(ခ)သန်းသန်းအေး ၁/မကန(နိုင်)၀၈၃၂၁၆က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဥသျှစ်ကန်ကျေးရွာနေ ကျွန်မ ဒေါ်ဘေဘီဝင်း (ဘ) ဦးတင်အောင် ၅/ခဥန(နိုင်)၀၈၀၇၃၁ ၏ခင်ပွန်း ဦးဇော်ဇော် ထွန်း(ဘ) ဦးခင်မောင်ကြည် ၅/ရဘန(နိုင်)၁၄၈၁၁၄ သည် ၂၅-၁-၂၀၂၄ ရက်တွင် နေအိမ်မှ အသိမပေးဘဲ လက်ဝတ်လက်စား ရွှေထည်ပစ္စည်း(၄)ကျပ်သားခန့်နှင့် ကျွန်မအမည်နှင့်ဝယ်ယူထားသည့် ယာမြေ (၁.၃၈)ဧကနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထားများအားလုံးကိုယူဆောင်ပြီး မိမိသဘောဆန္ဒ အလျောက် နေအိမ်မှဆင်းသွားခဲ့ရာ ယနေ့ ၁၉-၂-၂၀၂၄ ရက်နေ့အထိ အဆက် အသွယ်တစ်စုံတစ်ရာမရှိ၊ ဆယ်သွယ်၍လည်းမရပါ။ သို့ဖြစ်ပါ၍ (၁-၂-၂၀၂၄) ရက်က ကျွန်မသည် ခင်ပွန်းအဖြစ်မှစွန့်လွှတ်ခြင်းဟူ၍ မြန်မာ့အလင်းသတင်းစာမှ ကြော်ငြာခဲ့ပြီးဖြစ်ပါသောကြောင့် (၁-၂-၂၀၂၄) ရက်နေ့မှစ၍ ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဘေဘီဝင်း ၅/ခဥန(နိုင်)၀၈၀၇၃၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကျွန်းလှမြို့၊ သစ်ရာမြိုင်ရပ်ကွက်နေ ဦးသိန်းလွင်မှ ကျွန်းလှမြို့၊ သစ်ရာမြိုင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄/သစ်ရာမြိုင်)၊ ဦးပိုင် အမှတ် (၁၈၈/၂၈၇၃)၊ ဧရိယာ(၀.၀၇၃) ဧကရှိ မြေအား လူနေထိုင်ရန်အတွက် ပုဂ္ဂလိကမြေငှားဂရန် ချထားပေးပါရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ဘလူ ခရိုင်၊ ကျွန်းလှမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ (ရုံးချိန်အတွင်း) တရားဝင် ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံ စဉ်းစားမည် မဟုတ်ဘဲ တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကျွန်းလှမြို့**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ လူနေရပ်ကွက် (ဒက္ခိဏသီရိရပ်ကွက်)၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေဧရိယာ(၀.၁၄၆) ဧကရှိ ပေ(၈၀x၈၀)၊ မြေကွက်အမှတ် (ဒ-၃၀၆၇၀)၏ မြေကွက်နေရာ(ယာယီ) ချထားပေးသည့်လက်မှတ်မူရင်း ပျောက်ဆုံးသဖြင့် မြေကွက်အမည်ပေါက်သူ ဒေါ်နန်းခမ်းယုန်း(ဘ) ဦးဆန်ထွန်း ၁၃/ကဟန (နိုင်)၀၀၀၇၀၁ ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၀၄၆/၂၀၂၃)၊ (၁၀-၁၁-၂၀၂၃) ရရှိထားသူ ဦးဝင်းညွန့်(ဘ) ဦးလှသိန်း ၉/မလန (နိုင်)၀၅၈၄၂၀ မှ မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံး လုပ်နည်း နှင့်အညီ ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိသဖြင့် မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် မိတ္တူမှန်အားထုတ်ပေးမည် ဖြစ်သဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ (၂-၂-၂၀၁၁)ရက်စွဲ ပါစာအမှတ်၊ ၂၀၁၈/ဒက္ခိဏဖြင့် ထုတ်ပေးခဲ့သည့် ဒေါ်နန်းခမ်းယုန်း အမည်ပေါက် မြေကွက် နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း)ကို ဤဌာနအနေဖြင့် ပယ်ဖျက်ပြီး ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉ နှင့် ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁

ဒေါ်မာရွယ် **နှင့်** ဗိုလ်ကြီးမောင်သန်း

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

အိမ်အမှတ် (၃၅)၊ အမှတ်(၄)ရပ်ကွက်၊ နယ်မြေ(၃)၊ အေးသာယာမြို့၊ တောင်ကြီးမြို့နယ်နေ တရားရှုံး ဗိုလ်ကြီးမောင်သန်း(ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်မာရွယ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ် စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၅ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်သို့ လာရောက်စေ။

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒါလီစိုးညို)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အမည်ပြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အလက(ခွဲ) ကြာကန် Grade-3 မှ (ဘ)ဦးချမ်းသိန်း၏သား မောင်ချမ်းမြေ့ဦးအား မောင်အောင်နေမှူးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်နေမှူး**

## ပတ်စ်ပို့ပျောက်

ဦးသာအောင်၏သား မောင်ခိုင်မျိုး ၉/ရမသ(နိုင်)၁၄၈၄၂၁၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၉၃၃၉၄၀၂**

## ပတ်စ်ပို့ပျောက်

ဦးမောင်သန်း၏သား မောင်သန်းတိုးအောင် ၉/ရမသ(နိုင်)၂၂၁၈၄၆၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၆၇၀၄၀၆၁၂၇**

## ပတ်စ်ပို့ပျောက်

ဦးခင်မောင်မြင့်၏သား မောင်နေသူအောင် ၉/ရမသ(နိုင်)၂၂၆၁၄၃ ၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၂၇၃၉၅၆၅**

## ကြော်ငြာစာ

